


# ဘုရားက ဘယ်လိုမှာခဲ့သတုံး

## ဝဿကာရ နှင့် ရှင်အာနန္ဒာ

၄၀

ဟောကြားသည့်နေ့
(၁၅ - ၂ - ၉၉)

ကျေးဇူးတော်ရှင်မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၄၃)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ဘုရားကဘယ်လိုမှာခဲ့သတုံး

(ဝဿကာရနှင့်ရှင်အာနန္ဒာ)

(၁၅-၂-၅၅)

စာမူခွင့်ပြုချက် ၄၂၈/၉၉ (၈)

**ထုတ်ဝေသူ** ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
(၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

မိုးကုတ်ယောဂီများအတွက်သာ ထုတ်ဝေပါသည်။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ဘုရားက ဘယ်လိုမှာခဲ့သတုံး

(ဝဿကာရနှင့်ရှင်အာနန္ဒာ)

(၁၅-၂-၅၅)

ဒကာစိန်ရေ သမ္မာဒိဋ္ဌိမှန်ကန်တဲ့အမြင်ဆိုတာ ဒုက္ခတော၊ ဇာနတော၊ ပဿတော၊ သမ္မာဒိဋ္ဌိဟောတိ (မှန်လှပါဘုရား) အင်း ဒုက္ခလေးတွေ့တယ်ဆိုရင် သိတယ် ဒုက္ခကို ရှုနိုင်တယ်ဆိုလို့ ရှိရင်လည်း သမ္မာဒိဋ္ဌိကတော့ဖြစ်ပြီ၊ သို့သော် ဝိပဿနာသမ္မာဒိဋ္ဌိ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) ဝိပဿနာသမ္မာဒိဋ္ဌိ (တင်ပါ့)။

မဂ္ဂသမ္မာဒိဋ္ဌိက မနေ့ကပြောတဲ့အတိုင်း (မှန်ပါ့) ဒီဒုက္ခတွေကြည့်ပြီးသိတော့ ဒုက္ခရှာမတွေ့တော့ဘူး၊ ဒုက္ခအဆုံးချည်းတွေ့နေတယ်(တင်ပါ့) ဒုက္ခမရှိတာချည်း တွေ့နေ

တယ်၊ ဒုက္ခဆုံးတာချည်းတွေ့နေတယ်ဆိုတော့ မဂ္ဂသမ္မာဒိဋ္ဌိ ဟုတ်ပလား (ဟုတ်ပါပြီဘုရား)။

အဲဒီရောက်လို့ သိတဲ့ပုဂ္ဂိုလ်မှသာလျှင်၊ ဒကာ ဒကာမ တို့ မဂ္ဂသမ္မာဒိဋ္ဌိအစစ်ဖြစ်သောကြောင့် အဲဒီရောက်အောင် ဖြင့် (မှန်ပါ့) ဘုန်းကြီးတို့ ဒကာဒကာမတွေ ကြိုးစားကြရမယ်၊ သာသနာတွင်း ကြုံတာနဲ့တူအောင် (တင်ပါ့) သာသနာတွင်း ကြုံတာနဲ့တူအောင်ဆိုလို့ဖြင့်၊ ဒုက္ခဆုံးသည့်တိုင်အောင် ရှုရ လိမ့်မယ် (မှန်ပါ့)။

## သာသနာတွင်းကြုံပြီ

သာသနာတွင်းကြုံတယ်၊ ဆရာကောင်း သမား ကောင်း ကြုံတယ်၊ ခင်ဗျားတို့ ဆုတောင်းဆုံတယ် (မှန်လှပါဘုရား) လူ့ဘဝရရပါလို၏။ သဒ္ဓါတရားနဲ့ ပြည့်စုံရ ပါလို၏။ ကလျာဏ မိတ္တဆိုတဲ့ ဆရာကောင်းနဲ့ တွေ့ရပါလို ၏ဆိုတာ ခင်ဗျားတို့ဘက်က ဆုတောင်းတွေပါ၊ ခင်ဗျားတို့ ဘက်က ဆုတောင်းသုံး ခုခင်ဗျားတို့ပါတယ် (မှန်လှပါ ဘုရား)။

အဲဒီဆုတောင်းတွေ အကုန်နဲ့၊ သာသနာတွင်း ကြုံတဲ့ တရားကို သိရမှသာလျှင်၊ ဒကာဒကာမတွေ ကိစ္စပြီးတယ်ဆို တာ မှတ်မိကြပလား (မှတ်မိပါပြီဘုရား) အဲဒီတော့ ဒကာ

ဒကာမတွေဘက်က ဆုတောင်းက လူဘဝရခြင်း (မှန်ပါ့) တရားနာခြင်းဆိုတဲ့ သဒ္ဓါသမ္ပတ္တိနဲ့ ပြည့်စုံခြင်းပဲဗျား၊ သဘော ကျပလား (ကျပါပြီဘုရား)။

အဲဒီတော့ တရားနာတဲ့ သဒ္ဓါသမ္ပတ္တိနဲ့ ပြည့်စုံခြင်း ဆိုတော့ လူ့ဘဝရခြင်း၊ ကလျာဏမိတ္တဆိုတဲ့ သူတော် ကောင်းနဲ့ ပေါင်းသင်းရခြင်း (မှန်ပါ့) ဒါ ဆုတောင်းမပါပဲနဲ့ ခင်ဗျားတို့ ဒီလိုမတွေ့နိုင်ဘူး ဟုတ်ပလား (ဟုတ်ပါပြီ)။

## ဆရာကောင်းနဲ့တွေ့ရပြီ

အဲဒီတော့ ကိုယ်တောင်းလာတဲ့ဆု ဒီနေရာဆုံတဲ့ အခါကျလို့ရှိရင်ဖြင့် ကလျာဏမိတ္တဆရာကောင်းနဲ့ တွေ့ရ ပြီ (မှန်ပါ့) ခင်ဗျားတို့မှာ ဘာကလေးလိုတော့သတုံးလို့ မေးတော့ဖြင့် ဟောကြားညွှန်ပြဆုံးမတဲ့အတိုင်း ဘုရား တာဝန်၊ ဆရာ့တာဝန် ကုန်ပြီးသကာလ ခင်ဗျားတာဝန်ရှိ သလောက်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြမယ် ဆိုလို့ ရှိရင်ဖြင့် ဒကာစိန်ရေ ဒီဘဝကိစ္စ ပြီးမယ်ဟုတ်ပလား (ဟုတ် ပါပြီဘုရား) ဒီဘဝကိစ္စပြီးနိုင်တဲ့အခြေအနေ ရှိတာ အမှန်ပဲ (မှန်ပါ့)။

## နေ့တိုင်းသတိပေးရတယ်

အဲဒါကလေးကိုဖြင့် အလွဲသုံးစားအချိန်တွေနဲ့ အလကားမသွားလိုက်ပါနဲ့ဆိုတာ သတိကလည်းနေ့တိုင်းပေး ရတယ် (မှန်ပါ့) မပေးရင်လည်း ကိုထွန်းအောင် မရဘူးနော် (မှန်ပါ့) သတိကလည်း နေ့တိုင်းပေးရတယ် ဒကာဒကာမတို့ သတိမပေးလို့ရှိရင်လည်း ခင်ဗျားတို့က တယ်ပျော့တယ်၊ တယ်ပေ့ါတယ်၊ ဟုတ်လား (ဟုတ်ပါတယ်ဘုရား) အရေး မစိုက်ရတာ အရေးစိုက်ဆိုတာက တယ်များတယ် (မှန်လှပါ)။

ကိုင်း-ဒကာဒကာမတို့ အသိသုံးမျိုးရှင်းပလား (ရှင်း ပါပြီဘုရား) အင်း-ဒါဖြင့် ဝေဒနာသိမှုဆိုတဲ့ ဉာဏ်တစ်မျိုး ဖြစ်ဒုက္ခပျက်ဒုက္ခ သိမှုဆိုတဲ့ဉာဏ်က တစ်မျိုး (မှန်ပါ့) ဖြစ် ဒုက္ခ ပျက်ဒုက္ခအဆုံး သိမှုဆိုတဲ့ဉာဏ်က တစ်မျိုး (မှန်ပါ့)။

အဲဒါတွေကဖြင့် ဉာဏ်တော့ဉာဏ်ချည်းပဲ (တင်ပါ့) သို့သော် အနုအရင့်အချက် ကွာသွားတယ် (မှန်ပါ့) အနု အရင့် အချက်မကွာဘူးလား (ကွာပါတယ်ဘုရား) အေးဒီလို ကွာသွားတယ်လို့ ဒကာဒကာမတွေက မှတ်လိုက်ပါအုံး (မှန်ပါ့) အေးဒီအတိုင်းမှတ်ကြပါ။

ကိုင်းဒါဖြင့် ဤကဲ့သို့ သာသနာတွင်း ကြုံပြီးသကာလ ကိုယ့်ကိုယ်ကို မိစ္ဆာဒိဋ္ဌိဖြစ်နေတာ မသိတာပြောပါအုံးမယ် (မှန်ပါ့) အခုတော့ဖြင့် ဝေဒနာဟူသ၍ ဒုက္ခပဲလို့ ရှုနိုင်တော့

သမ္မာဒိဋ္ဌိဖြစ်နေတယ်လို့ ဘုရားကမဟောဘူးလား (ဟောပါ
တယ်)။

အဲဒီတော့ ဒကာဒကာမတွေက တစ်ခါတလေ ဝေဒနာတွေက တွေ့တွေ့နေတယ်၊ ချမ်းလိုက်တာ၊ ချမ်းလိုက်တာ ကျုပ်ဖြင့် အင်မတန် ချမ်းတာပဲ၊ ကျုပ်ချမ်းသလို သူများတော့ဖြင့် ချမ်းချင်မှ ချမ်းမှာပဲ ကျုပ်ဖြင့် သိပ်ချမ်းတာပဲ (တင်ပါ့) သုခဝေဒနာ၊ ဒုက္ခဝေဒနာ ကျုပ်ဖြစ်နေတယ် (မှန်လှပါဘုရား)။

ဒုက္ခတော၊ ဇာနတော၊ ပဿတောတဲ့ ဒုက္ခရယ်လို့ သိသေးရဲ့လား (မသိပါဘုရား) မြင်သေးရဲ့လား (မမြင်ပါဘုရား) အဲဒါ မိစ္ဆာဒိဋ္ဌိတဲ့ (တင်ပါ့ဘုရား) အင်း သာသနာတွင်း ကြုံပြီး ဒကာဒကာမတွေက ဘာဖြစ်နေပြန်လဲ (မိစ္ဆာဒိဋ္ဌိဖြစ်နေပါတယ်ဘုရား)။

အင်းတစ်ခါတလေကျတော့၊ ကျုပ်နေကောင်းလိုက်တာ နေကောင်းလိုက်တာ ကျုပ်နေကောင်းပုံကဖြင့် အရင်ငယ်ငယ်တုန်းက ကောင်းသလို၊ ကောင်းတာပဲ (တင်ပါ့) ဒါဖြင့် သုခဝေဒနာပေါ်တာပေါ့ဗျာ (မှန်ပါ့) အဲဒါ ကျုပ်ကယ်လို့ ထင်ပြန်တော့ (မှန်ပါ့) သုခဝေဒနာကို ဒုက္ခတော၊ ဇာနတော၊ ပဿတော၊ သမ္မာဒိဋ္ဌိဟောတိလို့ အခုနသံယုတ်ပါဠိတော်ကဟောတာနဲ့ ပြောင်းပြန်ကြီးဖြစ်နေတယ် (မှန်ပါ့)။

## သာသနာတွင်း မိစ္ဆာဒိဋ္ဌိဖြစ်နေတယ်

ဝေဒနာဟာ ချမ်းသာတာအစစ်ပဲလို့ ဆိုပြီးသကာလ လာပြန်တော့လည်း ဒါဟာ သမ္မာဒိဋ္ဌိလား၊ မိစ္ဆာဒိဋ္ဌိလား၊ (မိစ္ဆာဒိဋ္ဌိပါဘုရား) ဒါဟာ သာသနာတွင်း ကြုံရက်နဲ့၊ ဘာဖြစ်နေသလဲ (မိစ္ဆာဒိဋ္ဌိဖြစ်နေပါတယ်ဘုရား)။

အင်း-ဒကာဒကာမတွေ သာသနာတွင်း မိစ္ဆာဒိဋ္ဌိတွေ ရှိသေးတယ် (ရှိပါတယ်ဘုရား) ဝေဒနာသည်ကားလို့ ဆိုရင်ဖြင့် ဖြစ်ပြီးပျက်တဲ့ဒုက္ခကိုပင်လျှင် ဒကာဒကာမတို့က စိတ်ချမ်းသာတယ်၊ စိတ်နေဆိုးတယ် (မှန်ပါ့) အပြောလည်းပြော၊ အထင်လည်းထင်လို့ရှိရင်ဖြင့် ဘာတဲ့တုံး (မိစ္ဆာဒိဋ္ဌိပါဘုရား)။

ဘာမိစ္ဆာဒိဋ္ဌိလည်းဆိုရင်ဖြင့် သာသနာပမိစ္ဆာဒိဋ္ဌိလား၊ သာသနာတွင်း မိစ္ဆာဒိဋ္ဌိလား (သာသနာတွင်း မိစ္ဆာဒိဋ္ဌိပါဘုရား) အဲဒီတော့ သာသနာတွင်း မိစ္ဆာဒိဋ္ဌိဆိုတော့ ဒကာစိန် အင်မတန်ဆိုးဝါးတယ် (မှန်ပါ့) ကြောက်စရာလည်း သိပ်ကောင်းတယ် (မှန်လှပါဘုရား) မိစ္ဆာဒိဋ္ဌိကြောက်စရာကောင်းတယ် (မှန်ပါ့)။

တစ်ခါတလေကျတော့ လျစ်လျူရှုတဲ့ ဥပေက္ခာဝေဒနာလေးသိထား၊ အဲဒီဝေဒနာလေးပေါ်တိုင်း ပေါ်တိုင်း ဒကာဒကာမတွေက ကျုပ်တော့ဖြင့် နေကောင်းတယ်လည်း မဟုတ် မကောင်းဘူးလည်းမဟုတ်ဘူး (မှန်ပါ့) အလတ်စား

လောက်ပဲရှိတယ် ဒီလောက်ဆိုရင် ကျုပ်က ကျေနပ်ပါပြီ (မှန်ပါ့) အရင်နဲ့စာရင် ကျေနပ်ပါပြီ ဒီအနေလေးနေတာကို ကျေနပ်ပါပြီဆိုတော့ ဥပေက္ခာဝေဒနာကို ကျုပ်မဖြစ်သေးဘူးလား (ဖြစ်ပါတယ်)။

ဒါကျတော့ ဘာဒိဋ္ဌိလဲ (မိစ္ဆာဒိဋ္ဌိပါဘုရား) ဒါ သာသနာတွင်းလား၊ သာသနာပလား (သာသနာတွင်းပါဘုရား) သာသနာတွင်းမိစ္ဆာဒိဋ္ဌိ (မှန်ပါ့) ဘုရားက . . . သုခံဝါ ဒုက္ခံဝါ၊ အဒုက္ခံမသုခံဝါ၊ တမ္ပိဒုက္ခတော၊ ဇာနတော၊ ပဿတော၊ သမ္မာဒိဋ္ဌိဟောတိ (မှန်ပါ့)။

ဒါပေါ်တိုင်းပေါ်တိုင်း၊ ဒုက္ခတွေလို့ သိသိပေးမှ သမ္မာဒိဋ္ဌိဖြစ်မှာကိုးဗျ၊ အနိစ္စလို့သိရင်လည်း သမ္မာဒိဋ္ဌိ (မှန်ပါ့) ဒုက္ခလို့သိရင်လည်း သမ္မာဒိဋ္ဌိ၊ အနတ္တလို့သိရင်လည်း သမ္မာဒိဋ္ဌိပါပဲ (တင်ပါ့)၊ ဒီသုံးခုထဲ တစ်ခုခုမှ မဝင်လာလို့ရှိရင်ဖြင့် ဘာဒိဋ္ဌိဖြစ်မလဲ (မိစ္ဆာဒိဋ္ဌိဖြစ်ပါတယ်ဘုရား)။

## မိစ္ဆာဒိဋ္ဌိနဲ့ သေသွားလို့ရှိရင်

အဲဒီတော့ ဒကာဒကာမတို့ ဒီလို ဆရာကောင်း၊ သမားကောင်းနဲ့ တွေ့တုံးမှခင်ဗျားတို့ မပြောင်းလိုက်၊ မပြင်လိုက်လို့ရှိရင်ဖြင့် သာသနာတွင်း မိစ္ဆာဒိဋ္ဌိ (မှန်ပါ့) ဒီအထဲ အလုံးစုံ သက်ရောက်သွားတယ် ဘယ်လောက်များ ကြောက်

စရာကောင်းသလဲ (ကောင်းပါတယ်ဘုရား)။

**မိစ္ဆာဒိဋ္ဌိ ဘိက္ခဝေ ဒွိန္နံ ဂတီနံ အညတရံဝါ**

မိစ္ဆာဒိဋ္ဌိနဲ့ သေသွားလို့ရှိရင်ဖြင့်တဲ့ တိရစ္ဆာန်ဂတိ၊ ငရဲဂတိ၊ (မှန်လှပါ) အဲဒီနှစ်ခုတို့တွင် တစ်ခုခုသောချာတယ်ပေါ့တဲ့ မိစ္ဆာဒိဋ္ဌိနဲ့ သေသွားရင် (မှန်ပါ့) ငါတော့ ဒီဝေဒနာနဲ့သေရမှာပဲလို့ ဆိုလို့ရှိရင်ဖြင့် (မှန်ပါ့) ငါ့ဝေဒနာနဲ့ ငါသေမှာပါပဲ၊ သူများမသတ်ပါဘူးဆိုလို့ရှိရင် မိစ္ဆာဒိဋ္ဌိနဲ့ သေမသွားဘူးလား (သေသွားပါတယ်ဘုရား)။

အဲဒီတော့ ဒွိန္နံ ဂတီနံပဲ (တင်ပါ့) ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဆိုတဲ့ အပါယ်လေးပါး၊ ဂတိတွေထဲက တစ်ခုခုသွားပေတော့လို့ ဘုရားက ဟောလိုက်တာပဲ။

အဲဒါကြောင့် သာသနာတွင်း မိစ္ဆာဒိဋ္ဌိမဖြစ်အောင် ဝေဒနာပေါ်တိုင်းပေါ်တိုင်း (မှန်ပါ့) သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါလို့ သုခဖြစ်ဖြစ် ဒုက္ခဖြစ်ဖြစ် (မှန်ပါ့) သုခတော၊ ဇာနတော၊ ပဿတော၊ သမ္မာဒိဋ္ဌိဟောတိ ဒုက္ခလို့ရှုပေး၊ ဒုက္ခလို့ မြင်ပေး (မှန်ပါ့) သမ္မာဒိဋ္ဌိဖြစ်သွားပြီ (မှန်ပါ့)။

ဒီလိုကျတော့လည်း မဂ္ဂင်ဆိုက်မယ် (မှန်လှပါ) ဒီလိုမရှုနိုင်တဲ့ ပုဂ္ဂိုလ်ကျတော့လည်း မိစ္ဆာဒိဋ္ဌိဖြစ်ပြီ (မှန်ပါ့)။

အဲဒီတော့ ဒကာဒကာမတွေ ဒီကနေ့ဟောပေးတဲ့ အရေးဟာဖြင့် ဦးလှဘူးရေ၊ ပြောင်းရမယ့်အရေးပဲနော်။

ဒကာစိန်ရေ၊ ဒုက္ခအရေးပဲဆိုဒါ မှတ်ဖို့ပဲ (မှန်လှပါ) ဒုက္ခတွေလို့သိဖို့ပဲ ဝေဒနာလေး ပေါ်လာတိုင်းပေါ်လာတိုင်း ဘယ်လိုသိဖို့လဲ (ဒုက္ခလေးလို့ သိရပါမယ်ဘုရား)။

## ဒါကလေးလဲ ပြင်ကြပါဦး

ဒုက္ခလေးလို့သိ၊ ဒုက္ခလေးလို့ရှု (တင်ပါ့) အဲဒီကဲ့သို့ ရှုလိုက်သည်ရှိသော် သမ္မာဒိဋ္ဌိဖြစ်ပြီ (မှန်ပါ့) ဝေဒနာကို ငါလို့ရှုလိုက်သည်ရှိသော် (မိစ္ဆာဒိဋ္ဌိဖြစ်ပါတယ်ဘုရား) အေး ဒါလေးလည်း ပြင်ကြပါဦးလို့ ပြောရတယ် (ကောင်းလှပါပြီ ဘုရား ပြင်ပါ့မယ်ဘုရား) ပြင်မှ ပြင်မှ အပြောငါတော့ ဘုန်းကြီးက သမုတိသစ္စာမို့ မဆိုလိုဘူး (မှန်ပါ့) အပြင်ငါကို ဖြင့် မလိုက်ပါနဲ့လို့ ပြောရခြင်းဖြစ်တယ် (အင်မတန် အဖိုးတန်ပါတယ်ဘုရား)။

ကိုင်း ဒကာဒကာမတို့ ဒါက ဘယ်မှာဟောခဲ့သတုံးလို့ မေးတဲ့အခါ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အားလုံး ရဟန်းတွေကို တရားဟောတော်မူတဲ့အခါ ဒုက္ခမေဝဟိ၊ သမ္ဘောတိ (မှန်ပါ့) ဒုက္ခမေဝ ဖြစ်ပေါ်လာတဲ့ဝေဒနာကလေး ဟာ ဒုက္ခတရားသာလျှင် သမ္ဘောတိဖြစ်လာ၏ (မှန်ပါ့)။

အင်း ဒီဝေဒနာလေး ပေါ်လာတာ ဒကာဒကာမတို့ ဝေဒနာပေါ်တာလား ဒုက္ခပေါ်လာတာလား (ဒုက္ခပေါ်တာပါ

ဘုရား) အဲဒါကြောင့် ဒုက္ခမေဝဟိ သမ္ဘောတိ ဒုက္ခမေဝ=ဒုက္ခ တရားသည်သာလျှင် သမ္ဘောတိ၊ မိမိသန္တာန်၌ ဖြစ်ပေါ်၏။ ဒုက္ခပေါ်လာပြီလို့သာ မှတ်လိုက် (မှန်ပါ့) ဒုက္ခံ တိဋ္ဌတိ၊ ဝေတိစ ခဏလေးတည်နေပြန်လည်း၊ အင်း-ဒါဒုက္ခတွေ တည်နေတာပဲ(မှန်ပါ့) ဒုက္ခမေဝ ဝေတိစ ပျက်သွားတာလည်း ဘာပါလိမ့် အောက်မေ့တယ် ဒုက္ခကလေးကိုး (တင်ပါ့) ရိပ်မိ ပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒုက္ခလေးပေါ်၍ ဒုက္ခလေးတည်အောင်နှင့် ဒုက္ခလေးပျက်သည် (မှန်လှပါ) တည်နေမှာစိုးလို့၊ ဘုန်းကြီး တို့ ဒကာဒကာမတွေကို ဒုက္ခပေါ်၍ ဒုက္ခပျက်သည်၊ ဆိုပြီး သကာလ၊ ဒီထက်တစ်ခါ လွယ်အောင်လို့ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ (မှန်လှပါဘုရား)။

ဒီပါဠိတော်ကလာတာ ရိပ်မိပလား (ရိပ်မိပါပြီ) ဖြစ်ဒုက္ခပျက်ဒုက္ခဆိုတာ ကျေနပ်ကြပလား (ကျေနပ်ပါပြီ) အေး-ဒါကြောင့် ဘယ်ဝေဒနာပေါ်လာလာ ဒကာစိန် ဖြစ်တာလဲ ဒုက္ခ ပျက်တာလည်းဒုက္ခ အဲဒါဖြင့် မမိ မိအောင် ရှုကြပေါ့ဗျာ (ကောင်းလှပါဘုရား)။

## ဒုက္ခချည်းဖြစ်နေတယ်

အညတြဒုက္ခါသမ္ဘောတိတဲ့၊ (တင်ပါ့) ဒုက္ခံ = ဒုက္ခကို၊

အညတြ = ကြဉ်ထား၍၊ သမ္ဘောတိ=ဖြစ်တဲ့တရားသည် နတ္ထိ = မရှိ ဘူးတဲ့။ မင်းတို့သန္တာန်ဖြစ်ပေါ်လာတဲ့၊ ဝေဒနာသည် ဒုက္ခမှတစ်ပါးမရှိဘူးဟေးတဲ့၊ ဖြစ်တာဟာဖြင့် ဒုက္ခချည်းသာ ဆုံးဖြတ်ချက်ချလိုက်ကြပါတော့တဲ့ (တင်ပါ့)။

ဒုက္ခမှတစ်ပါး၊ မင်းတို့သန္တာန်မှာဖြစ်နေတဲ့တရား ငါ သဗ္ဗညုတဉာဏ်နဲ့ရှာလို့ရှိရင် တစ်လုံးမှမတွေ့ဘူးတဲ့ (မှန်ပါ့) ဒကာဒကာမတို့ သန္တာန်မှာ ရုပ်တွေပေါ်နေလည်း ဒုက္ခတွေ ဖြစ်နေတယ် နာမ်တွေပေါ်နေလည်း (ဒုက္ခတွေဖြစ်နေပါ တယ်ဘုရား) အင်းဒါဖြင့် သဗ္ဗညုတဉာဏ်နဲ့ ကြည့်လိုက်တဲ့ အခါကျတော့၊ ဒုက္ခာ = ဒုက္ခကို၊ အညတြ = ကြဉ်ထား၍ သမ္ဘောတိ = ဖြစ်တဲ့တရားသည်၊ နတ္ထိ = မရှိဘူးကွ (မှန်ပါ့) ဖြစ်နေတဲ့ တရားသည် ဒုက္ခတွေချည်းပဲလို့ ဒကာဒကာမတွေ မှတ်လိုက်စမ်းပါ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒကာဒကာမတွေ သန္တာန်မှာပေါ်လာတာ၊ ဘာ ပေါ်လာပါလိမ့် (ဒုက္ခပေါ်လာတာပါဘုရား) အင်း-ဒီပြင် တရားရှိသေးလား၊ (မရှိပါဘုရား) အေးဒါကြောင့် ခင်ဗျားတို့ သန္တာန်ပေါ်တိုင်းပေါ်တိုင်း ဉာဏ်လေးနဲ့ ဉီးတည်ပေးစမ်းပါ တဲ့၊ ဒုက္ခလေးပေါ်လာပဟ၊ ဒုက္ခလေးပေါ်လာပဟ၊ ဒုက္ခမှ တစ်ပါး ပေါ်စရာခန္ဓာကိုယ်ထဲ ဘာမှမရှိဘူး (မှန်ပါ့)။

ရုပ်ပေါ်လာရော၊ ဒုက္ခ၊ နာမ်ပေါ်လာရော (ဒုက္ခပါ

ဘုရား) ဝေဒနာသုံးမျိုး တစ်ခုခုပေါ်လာရင်ကော (ဒုက္ခပါဘုရား) အေး-ဒုက္ခချည်းပဲ၊ ဒကာဒကာမတို့ ဒီပြင် ဘာမှပေါ်စရာမရှိဘူးတဲ့ (မှန်ပါ့ဘုရား)။

နာသည် ဒုက္ခံ နိရုဇ္ဈတိ၊ ဒုက္ခံ = ဒုက္ခကို၊ အညတြ = ကြဉ်ထား၍ အညံ = တစ်ပါးသည်လည်း၊ နိရုဇ္ဈတိ = ထုတ်ပယ်လို့ မဖြစ်ဘူး၊ ဒုက္ခလေးလည်း ချုပ်သွားတာပဲ ဒကာဒကာမတို့ (မှန်ပါ့) ပေါ်လာတာလည်း ဒုက္ခလေးလို သိထားတော့ ချုပ်သွားတာလည်း ဘယ်သူပါလိမ့် (ဒုက္ခလေးပါဘုရား)။

အေးဒါကြောင့် ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဒုက္ခမေဝနိရုဇ္ဈမာနံ ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာပဲ၊ သဘောကျပလား (ကျပါပြီ) အဲ - ဒကာဒကာမတွေ သန္တာန်မှာ ရုပ်ပေါ်လည်း ဒုက္ခဖြစ် ဒုက္ခချုပ် နာမ်ပေါ်လည်း (ဒုက္ခဖြစ် ဒုက္ခချုပ်ပါဘုရား)။

ဒါကြောင့် ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခလို့ ဒကာဒကာမတွေကို မြန်မာလို ဒီဂါထာကို ပြင်ပြီး သိလွယ်တဲ့နည်းနဲ့ ပြောထားတာ (မှန်ပါ့)။

ဝေဒနာပေါ်လို့ရှိရင် ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခပေါ်အောင် ကြည့်ကြပေါ့ဗျာ (မှန်ပါ့) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်) အေး-ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခရောက်အောင် ကြည့်လိုက်လို့ရှိရင် ဖြင့် ဒကာဒကာမတို့ တိမ်းစရာ စောင်းစရာရှိသေးရဲ့လား

(မရှိပါဘုရား) ဒါကြောင့် ဘာကလေးပေါ်လာလာ၊ ရုပ်ကလေးတစ်ခု အသစ်ပေါ်ပေါ်လာတယ်ဆိုရင် ဒုက္ခပေါ်လာတာပဲ၊ ဒုက္ခဆိုရင် ချုပ်အုံးမှာပဲ (မှန်ပါ့) နာမ်လေးပေါ်လာရင်ကော (ဒုက္ခလေးပေါ် ဒုက္ခလေးချုပ်ပါတယ်ဘုရား)

## နိဗ္ဗာန်ကိုယ်တိုင်မြင်ရတဲ့အလုပ်

ဒုက္ခလေးပေါ်၊ ဒုက္ခလေးချုပ်မှာပဲဆိုတော့၊ ဒါက သမ္မာဒိဋ္ဌိဖြစ်သွားတယ် (မှန်ပါ့) ဘာသမ္မာဒိဋ္ဌိလည်းမေးတော့ ဝိပဿနာသမ္မာဒိဋ္ဌိ (တင်ပါ့) သဘောကျပလား (ကျပါပြီ) ဘာသမ္မာဒိဋ္ဌိလည်း (ဝိပဿနာသမ္မာဒိဋ္ဌိပါဘုရား)။

အေး - ဒါက ဝိပဿနာ သမ္မာဒိဋ္ဌိ၊ ခုနကပြောတဲ့ ဒီနေရာလေးပဲ ပြန်ကြည့်လိုက်တဲ့အခါ ဒုက္ခမတွေ့ပဲနဲ့ ဒုက္ခဆုံးတာလေးတွေ့နေလို့ရှိရင်ဖြင့် မဂ္ဂသမ္မာဒိဋ္ဌိ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

ဒုက္ခအဆုံးလေးတွေ့နေတော့ ဘာတဲ့ (မဂ္ဂသမ္မာဒိဋ္ဌိပါဘုရား) အေး-ဒုက္ခအဆုံးလေးကို ဉာဏ်နဲ့ရှုပြီး တွေ့နေရင် အဲဒီဉာဏ်ကတော့ မဂ္ဂသမ္မာဒိဋ္ဌိ (မှန်ပါ့) ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခပဲ တွေ့နေရင် ဝိပဿနာသမ္မာဒိဋ္ဌိ သဘောကျပလား (ကျပါပြီ)။

အဲဒီကဲ့သို့ ဒကာဒကာမတွေ ဒီဂါထာအတိုင်း ရှုကြမယ် မှတ်ကြမယ် ကျင့်ကြမယ်ဆိုလို့ရှိရင် အဲဒါ ဒကာ

ဒကာမတွေသည် အပါယ်လေးပါး တံခါးပိတ်၍ နိဗ္ဗာန် ကိုယ်တိုင်မြင်ရဘဲ့အလုပ်ပါပဲ ဆိုဒါဖြင့် သေသေချာချာ မှတ်ကြပါ (မှန်ပါ့) ဒကာစိန်သိပ်အဖိုးတန်တဲ့တရား (မှန်လှပါ ဘုရား)။

**ဝဿကာရပုဏ္ဏား**

အဲဒီတော့ ဝတ္ထုတစ်ခုထုတ်ပြမယ် ဒကာဒကာမတွေ (မှန်ပါ့) ဝတ္ထုတစ်ခု ထုတ်ပြမယ်တဲ့ ဘုရားသခင် ကိုယ်တော် မြတ်ကြီးက ပရိနိဗ္ဗာန်စံသွားတယ် (တင်ပါ့) ပရိနိဗ္ဗာန်စံသွား တော့ ရှင်အာနန္ဒာနဲ့ ဝဿကာရ ပုဏ္ဏားတို့ တွေ့တယ် အဇာတသတ်မင်း၏ ပရောဟိတ်ပုဏ္ဏားပေ့ါဗျာ (တင်ပါ့)။

ဒါနဲ့ ရှင်အာနန္ဒာကိုလည်း သူကကြည်ညိုပြီးသားဖြစ် တာနဲ့ ရှင်အာနန္ဒာကို ဝင်ပြီးသကာလ၊ ဝတ်တွေ၊ ဘာတွေချ လို့ အရှင်ဘုရားကို တပည့်တော် မေးစရာရှိတာ၊ အရှင်ဘုရား နဲ့ ဆုံတဲ့အခါ လျှောက်ပရစေဘုရားဆိုတော့၊ အေး - လျှောက်တာပေ့ါကွာ (မှန်ပါ့)။

**ဘုရားကဘယ်ပုဂ္ဂိုလ်ကို ကိုးကွယ်ရစ်လို့မှာခဲ့သလား**

ဘုရားက ပရိနိဗ္ဗာန်စံသွားပြီဘုရား တပည့်တော်တို့ လည်း သင်္ဂါယနာတင်ဖို့လုံးပမ်းနေတယ် (တင်ပါ့) အဲဒီတော့

အရှင်ဘုရားက အနီးစပ်ဆုံးပုဂ္ဂိုလ်လည်းဖြစ်တဲ့အတွက် ဘုရားက ငါမရှိလို့ရှိရင် ဘယ်ပုဂ္ဂိုလ်ကို အကြီးအမှူးလုပ်ပြီး ကိုးကွယ်ရစ်လို့ မှာခဲ့ပါသံတုံး ဒီလိုကိုး မေးတယ် (မှန်ပ့ါ)။

ဘယ်ပုဂ္ဂိုလ်ကို အကြီးအကဲအမှူးပြုပြီး ကိုးကွယ်ရစ်လို့ မှာခဲ့ပါသတုံးဆိုတော့ (မှန်ပ့ါ) ရှင်အာနန္ဒာကဖြေတယ် (တင်ပ့ါ) ဘယ်ပုဂ္ဂိုလ်မှ ကိုးကွယ်ရစ်လို့ မမှာပါဘူးကွာ (တင်ပ့ါ) မှာရင် ရှင်အာနန္ဒာကို မှာရမှာ (မှန်ပ့ါ) ဘယ်ပုဂ္ဂိုလ်ကို ကိုးကွယ်ရစ်လို့တော့ မမှာဘူး (မှန်ပ့ါ)။

ဒါဖြင့် အရှင်ဘုရားတို့ အစည်းမရှိတဲ့ဝါးလို ဗလဝ ကြပြီးသကာလ သွားတော့မယ့် အခြေအနေမျိုး ရောက်နိုင်သလား (တင်ပ့ါ) တိတ္ထိကြီး ခြောက်ယောက်တို့ ဘုရားပရိနိဗ္ဗာန်မစံခင်က သေကြတော့ သူတိုတပည့်တွေ ငြင်းကြ၊ ခုံကြ၊ သတ်ဖြတ်ကြနဲ့ ဝါးအစည်းပြေသလို အယူဝါဒတွေ ပြားကုန်ကြပြီ (တင်ပ့ါ)။

အရှင်ဘုရားတို့လည်း ဒီလိုမမှာခဲ့ဘူး၊ ဘယ်လူ့ကို ကြီးမှူးလို့ ကိုးကွယ်ရစ်ဆိုတဲ့ဥစ္စာ၊ မမှာခဲ့ဘူးဆိုရင်ဖြင့် တိတ္ထိများ ကွဲသလို အရှင်ဘုရားတို့ သာသနာဟာလည်း၊ အရှင်ဘုရားတို့ သာသနာက အင်မတန်ကျယ်တယ်၊ သာသနာတော်ကြီးက အရပ်ဒေသတွေ စုံနေတာပဲ (မှန်ပ့ါ) အဲဒီတော့ ဝါးစည်း ပြေသလိုဖြစ်မှာလား ဘုရားလို့ဆိုတော့ (တင်ပ့ါ)

မှာခဲ့ပုံ အထူးရှိလို့ရှိရင်လည်း တပည့်တော်များလည်း သိပါရစေတဲ့၊ သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီတော့ ပထမတစ်နံပါတ် သူမေးတာ၊ ပြန်ပြောပါ အုံးမယ် ဝဿကာရပုဏ္ဏားက အရှင်ဘုရားတဲ့ အရှင်ဘုရား နဲ့ တပည့်တော်တွေ့တဲ့ အချိန်မှာ လျှောက်ထားစရာရှိတာ၊ လျှောက်ထားပါရစေ (မှန်ပ့ါ) ဘုရားမရှိဘူး ပရိနိဗ္ဗာန်စံသွား ပါပြီ တစ်နံပါတ်မေးလိုက်တယ်။

## ဘုရားလိုပုဂ္ဂိုလ်ထူးကျန်ရစ်သလား ?

ဘုရားလိုသိတဲ့ ပုဂ္ဂိုလ် ဘုရားလိုမဂ်ဖိုလ်သိတယ်၊ မဂ်ဖိုလ်၊ လိမ်မာတယ်၊ အလုံးစုံအကုန် သူသည် သဗ္ဗညုတ ဉာဏ်သဘောနဲ့ သိတဲ့ပုဂ္ဂိုလ် ဒီအထဲမှာ ကျန်ရစ်သလား တစ်နံပါတ်မေးတယ်။ ဒါက တစ်နံပါတ်နော် (မှန်ပ့ါ)။

တစ်နံပါတ်စမေးလိုက်တော့ ဒကာဒကာမတို့ ဒီလို တော့ဖြင့် မရှိဘူးကွာလို့ ပြန်လိုက်တယ်၊ (မှန်ပ့ါ)၊ သူက ဘုရားလိုပုဂ္ဂိုလ်အတူရှိသေးသလားလို့ သူကမေးလိုက်တယ် (မှန်ပ့ါ)။

ဘုရားပရိနိဗ္ဗာန်စံသွားတော့၊ ဘုရားလောက်ကြီးတဲ့ ပုဂ္ဂိုလ် ဒီထဲမှာ ကျန်ရစ်တဲ့သဘောများ၊ ပုဂ္ဂိုလ်များ ရှိပါသေး သလား၊ ရှင်အာနန္ဒာလို့ဆိုတော့ ဘုရားဆိုတာက နှစ်ဆူမှ

မရှိပဲ တစ်ဆူပဲရှိတယ် (တင်ပဲ့)။

**ဘုရားလောင်းဖွားမြင်တော်မူတဲ့အခါ**

စဉ်းစားကြည့်ပါ ခင်ဗျားတို့ အင်ကြင်းပင်က ကိုင်းလာတဲ့အခါ မယ်တော်မာယာက အင်ကြင်းကိုင်းကို လှမ်းဆွဲပြီး၊ မတ်တတ်ဘုရားလောင်းကလေး မဖွားဘူးလား (ဖွားပါတယ်) အဲဒီ ဖွားလျှင်ဖွားချင်း၊ တစ်ခါတည်း၊ အရှေ့ဘက်လှည့်ပြီးသကာလ

ဇေဋ္ဌောဟမသ္မိ၊ သေဋ္ဌော ဟမသ္မိ၊ လောကဿ၊

ငါ့ထက်မြတ်တာမရှိ၊ ငါ့ထက်သိတာမရှိ၊ ငါဟာ လောကအဆုံးသို့ ရောက်လာပြီး-လို့ သူကိုယ်တိုင် (၇) လှမ်းသွားသေးတာဗျ၊ အဲဒီတုန်းက သူနဲ့ တန်းတူမရှိဘူးလို့ ပြောခဲ့ပြီ (မှန်ပါ့)။

**မွေးစကတည်းက ဥဒါန်းကျူးရင့်တော်မူတယ်**

ခင်ဗျားတို့ကလေးလေးတွေနဲ့တော့ ကွာလိုက်တာ (ကွာပါတယ်ဘုရား) ကွာတယ်၊ ဟိုက္ကလေးက ချက်ချင်း (၇) လှမ်း လှမ်းပြီး ဒါတွေ ကျူးရင့်တော့တာဘဲ ဒီအသံတော်တွေနဲ့

**ဇေဠောဟမသို့လောကဿ၊ သေဠောဟမသို့လော ကဿ၊ အဂ္ဂေါဟမသို့လောကဿ။**

လောကထဲ၊ ငါ့ထက်မြတ်တဲ့ ငါ့ထက်သိတဲ့ ပုဂ္ဂိုလ် မရှိဘူးကွ၊ ငါဟာ လောကအဆုံး ငါရောက်ပြီကွ၊ တစ်ခါတည်း ကို ရှေ့ခုနစ်လှမ်း၊ သွားသေးတယ် (မှန်ပ့ါ) မွေးမွေးချင်း၊ မွေးမွေးချင်း မထူးခြားဘူးလား (ထူးခြားပါတယ်ဘုရား)။

အဲဒါ ဝဿကာရ ပုဏ္ဏာကမေးတော့ ဒကာဒကာမ တွေ ဘုရားနဲ့ဘုရားလို မဂ္ဂဝိဒူ ဟုတ်လား၊ မဂ်ကိုသိတဲ့ ပုဂ္ဂိုလ်၊ တစ်ခါတည်း အလုံးစုံတရားဓမ္မတွေ သဗ္ဗေနသဗ္ဗံ ဆိုတဲ့ အတိုင်း အလုံးစုံတရားတွေကိုသိတဲ့ ပုဂ္ဂိုလ်ရှိပါသေးသလား၊ တစ်နံပါတ် မေးလိုက်တော့၊ ရှင်အာနန္ဒာက မရှိဘူးကွာ (မှန်ပ့ါ) ဒီလိုတော့ မရှိဘူးဟေ့တဲ့။

တစ်နံပါတ်မရှိလို့ရှိရင် တပည့်တော် နှစ်နံပါတ်မေးရ တော့မှာပေ့ါ (မှန်ပ့ါ) ဘုရားပရိနိဗ္ဗာန်စံသွားတာ (၇) ရက် ကျော်သွားတော့ မစံမီက မင်းတို့ ဘယ်သူအကြီးအမှူးထားပြီး ခေါင်းဆောင်လုပ်ပြီးတော့ မင်းတို့ ကိုးကွယ်ဆည်းကပ်ရစ် ကြလို့ကော မှာခဲ့သလား နှစ်နံပါတ် မေးပြန်တယ် (မှန်ပ့ါ)။

ဟ ဒီလိုလည်း မမှာခဲ့ဘူးကွ၊ ဝဿကာရ ပုဏ္ဏားက (မှန်ပ့ါ) ဒါဖြင့် ဘုရား၊ အရှင်ဘုရားတို့ ဘုရားလည်းမရှိဘူး၊ ဘုရားလိုသိတဲ့ပုဂ္ဂိုလ်လည်း မရှိတော့ ဘယ်သူ့ကို ဦးစီးခေါင်း

ဆောင်ထားပြီးသကာလ ကိုးကွယ်ရစ်ကြဆိုတာလည်း မရှိတော့ ဒါ တပည့်တော် လျှောက်စရာစကားက မကုန်ဘူး (မှန်ပါ့ဘုရား) ဝဿကာရပုဏ္ဏားက လျှာရှည်ရှည်နဲ့ သူမေးတာ ဒါလည်းသူလျှောက်စရာပါပဲ (တင်ပါ့)။

ဒါဖြင့် အရှင်ဘုရားတို့ ဘာကို ကိုးကွယ်ဆည်းကပ်ပြီး ဘယ်သူပြောတာကို လိုက်နာကျင့်ကြံနေရမှာတုံး (မှန်ပါ့) ဆိုတော့မှ ရှင်အနာနန္ဒာက အေးဒီလိုမှာခဲ့တယ်ကွာတဲ့။

## တရားသာကိုးကွယ်ရစ်ကြလို့ မှာခဲ့တယ်

ဓမ္မန္တယတာ မင်းတို့ "တရားသာကိုးကွယ်ရစ်ကြ" လို့ ဒီလိုမှာခဲ့တယ် (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဘာကိုးကွယ်ရမလဲ (တရားသာကိုးကွယ်ရပါမယ်ဘုရား) တရားအကြီးအမှူးထား၊ တရားကိုးကွယ်လို့ မှာခဲ့တယ်၊ အဲဒီတော့ ဒကာဒကာမတွေ ဘုရားမှာရစ်ခဲ့တဲ့ အဓိပ္ပာယ်၊ ဒကာစိန် ရှင်းပလား (ရှင်းပါပြီဘုရား)။

သူလို ဘုရားတူလည်းမရှိဘူး၊ ပုဂ္ဂိုလ်ထဲက ဘယ်သူ့ အကြီးအမှူးထားပြီး ကိုးကွယ်လို့ ညွှန်ပြခဲ့တာလည်း မရှိဘူး (မှန်ပါ့) ဘယ်လိုမှာခဲ့သတုန်းဆိုတော့ တရားသာလျှင် ကိုးကွယ်၊ ပုံးအောင်း၊ လဲလျောင်းပြီးသကာလ၊ နေရစ်ကြလို့ ဒီလိုမှာခဲ့တယ်ကွ (မှန်ပါ့) ဝဿကာရ ပုဏ္ဏားကမေးလို့

ရှင်အာနန္ဒာက ဖြေတဲ့ဥစ္စာ (မှန်လှပါဘုရား)။

ဒါဖြင့် အရှင်ဘုရားတို့ ဒီတရားတွေက ငြင်းခုံစရာများ တော်တော်ကြာ အစွန်းအစတွေ ထွက်လာရင် ဒီပွဲကြီးဟာ ရန်ပွဲကြီးမဖြစ်နိုင်ဘူးလား (မှန်ပါ့) တိတ္ထိတပည့်သားမြေးတွေဖြင့် ကွဲကုန်ပြီ(မှန်ပါ့) ဂေါတမတပည့်သားမြေးတွေလည်း တစ်ယောက်အယူအဆနဲ့ တစ်ယောက်အယူအဆ မတူလို့ရှိရင် ကွဲကုန်ကြမယ်၊ ဒီနေရာ မရောက်ဘူးလားဆိုတော့ မရောက်ဘူးတဲ့ (မှန်ပါ့)။

ဘာကြောင့်လည်းဆိုလို့ရှိရင် သီလမှာလည်း ရှစ်ပါးဖြင့် ရှစ်ပါးချင်းအတူတူ ငါးပါးဖြင့် ငါးပါးချင်းအတူတူ သူရှောင်ရမှာနဲ့ ကိုယ်ရှောင်ရမှာနဲ့ အတူတူပဲကွတဲ့၊ သဘောကျပလား (ကျပါပြီ)။

သမာဓိမှာလည်း သူကလုပ်မယ့်သမာဓိနဲ့ ကိုယ်ကလုပ်မယ့် သမာဓိကလည်း တည်ကြည်မှုရှိခြင်းအတူတူပဲကွတဲ့ (မှန်ပါ့) အဲဒီတော့ နှစ်ဖက် ရန်ဖြစ်စရာရှိသေးရဲ့လား (မရှိပါဘုရား)။

တစ်ဖန် ပညာစခန်းကို ကြည့်လိုက်ပြန်တော့လည်း သူလည်း တစ်ခါတည်း ဒုက္ခမြင်အောင်ကြည့် ကိုယ်လည်း ဒုက္ခမြင်အောင်ကြည့်မှသာ ပညာစခန်းဆိုတဲ့ မဂ္ဂင်လမ်းကလည်း ပေါက်ရောက်တယ် (မှန်ပါ့) အဲဒီတော့ ကြည့်ရတာ

ခြင်း အတူတူမို့ ဒါလည်း ပြားစရာမရှိဘူးတဲ့ (မှန်ပါ့)။

## ဒို့မှာ ကွဲစရာမရှိဘူး။

ဒါ့ကြောင့် ဒီတရားတွေ ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဒို့မှာ ကွဲစရာ ရှစရာ မရှိဘူးဟေး (မှန်ပါ့) ဟောပြီရှင်အာနန္ဒာက ပြောပြီ ဒကာ ဒကာမတွေ ဘယ်လောက်အဖိုးတန်သတုံး (တန်ပါတယ် ဘုရား)။

အဲဒီတော့ ဒကာဒကာမတွေ ကျုပ်တို့မှတ်စရာကသြော် - ဘုရားပရိနိဗ္ဗာန်စံသွားပြီ၊ ဘယ်သူ့ကို အကြီးအမှူးထားပြီး ကိုးကွယ်ရစ်လို့လည်း မမှာခဲ့ပါ၊ ဘာကိုးကွယ်ရစ်လို့မှာခဲ့ပါသတုံးဆိုတော့ တရားသာလျှင် ကိုးကွယ်ရာဆည်းကပ်ရာရှိတော့တယ်ဆိုတာ ဒကာဒကာမတွေ ရှင်းပလား (ရှင်းပါပြီဘုရား)။

ရှင်းတော့ ခင်ဗျားတို့ အခုအားထုတ်နေတာ ဘာကိုးကွယ်နေတာလဲ (တရားကိုးကွယ်နေတာပါဘုရား) တရားကိုးကွယ်နေတာဆိုတာ ရှင်းကြပလား (ရှင်းပါပြီ)၊ ခင်ဗျားတို့ဖြစ်ပျက်၊ ဝေဒနာတွေ၏ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခကို ဒကာဒကာမတွေက ရှုပြီးနေတော့ ဝမ်းထဲမှာ ဝိပဿနာ သမ္မာဒိဋ္ဌိတွေရောက်နေတယ် (မှန်ပါ့) အမှန်မြင်တာကိုဗျ (မှန်လှပါဘုရား)။

## ဓမ္မစေတီဖြစ်အောင် လုပ်နေတယ်

ဝိပဿနာသမ္မာဒိဋ္ဌိ၊ အမှန်မြင်က ရောက်နေတော့ ဒါဘာလုပ်တာတုံးဆိုတော့၊ မဂ္ဂင်ခန္ဓာကိုယ်ထဲရောက်အောင်လို့ ဓမ္မစေတီဖြစ်အောင်လို့ ဝမ်းထဲခါတုဓာတ်တော်၊ မွေတော်ဆိုတဲ့ ပညာတွေရောက်အောင်လို့ (တင်ပ့ါ) တပည့်တော်လုပ်နေတယ် (မှန်ပ့ါ) ခင်ဗျားတို့ ဒီအလုပ်က ကိုယ်ထဲရောက်တဲ့အလုပ်ဆိုတာဖြင့် သေချာပြီမဟုတ်လား (သေချာပါပြီဘုရား)။

ကိုယ်ထဲရောက်တဲ့အလုပ်ဆိုတော့ ဒီအလုပ်ထက်အဖိုးတန်တာ ရှိသေးသလား (မရှိပါဘုရား) ကိုယ်ကိုးကွယ်တာက ကိုယ်ရှုနေတာပါ ဘုရားရှေ့မှာ ရှိခိုးတာမဟုတ်ဘူး၊ ဝမ်းထဲမှာကို တစ်ခါတည်းအမြဲတမ်း ဆည်းကပ်ထားတာ (မှန်ပ့ါ) နေနိုင်ကြရဲ့လား (နေနိုင်ပါတယ်ဘုရား) နေနိုင်အောင်နေရမှာပဲ (မှန်ပ့ါ)။

ဟိုနေရာပြောင်းလိုက်ပြန်လည်း အင်း-ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခလေးပဲ ဟိုဟာလေးမြင်လိုက်ပြန်ရော (ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခပါဘုရား) အဲဒီမြင်တဲ့ဉာဏ်ကလေး ဝမ်းထဲမှာကိန်းမနေဘူးလား (ကိန်းနေပါတယ်ဘုရား) အဲဒီတော့ တရားသာလျှင်ကိုးကွယ်ပုန်းအောင်နေကြတာပဲ (တင်ပ့ါ)။

ဘုရားမှာခဲ့တာနဲ့ မကိုက်လား (ကိုက်ပါတယ်ဘုရား)

အဲဒီတော့ ခင်ဗျားတို့ ဘုရားရှိခိုးနေတာကမှ တစ်နေ့လုံးထိုင် ညောင်းပြီးနေတာ တစ်နေ့လုံးခိုးပါဆိုတော့ တော်တော့ လူ မခိုးနိုင်ဘူး (မှန်ပါ့ဘုရား)။

အေး ဝိပဿနာအလုပ်ကြီး တကယ်တမ်း ကြိုးစား နေတဲ့ ပုဂ္ဂိုလ်ကတော့ မြင်ရာ၊ တွေ့ရာကို ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ ရှုနေမယ်ဆိုရင် မြင်ရာ၊ တွေ့ရာတွေကို·မြင်တဲ့ဉာဏ်ကလေး က ဝမ်းထဲကိန်းမနေဘူးလား (ကိန်းနေပါတယ်ဘုရား) အဲဒါ ဝမ်းထဲကိန်းနေတော့ သူ့ခန္ဓာထဲမှာ သူအမြဲဆည်းကပ်ကိုး ကွယ် လေးစားထားတယ်ဆိုတဲ့ အဓိပ္ပာယ်မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)။

ရောက်တော့ ဒကာဒကာမတို့ ရှင်အာနန္ဒာကလည်း တရားသာလျှင် ကိုးကွယ်ဆည်းကပ်ရမယ်လို့ မှာခဲ့တယ်ကွ ဆိုတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ လုပ်နေတဲ့အလုပ် ကလည်း တရားကိုးကွယ်ဆည်းကပ်တဲ့အလုပ်ဖြစ်နေသော ကြောင့် သမ္မာဒိဋ္ဌိအလုပ် အလုပ်မှန်ကြီးဖြစ်တယ်၊ သမ္မာက မှန်တာ၊ ဒိဋ္ဌိကမြင်တာ၊ အမှန်မြင်ပြီး၊ အမှန်လုပ်နေတဲ့ ဒကာ ဒကာမတွေ ဖြစ်တယ် ကျုပ်တို့ကိုးကွယ်တာဖြင့် ကိုးကွယ် မှန်ပဲလို့ ဆုံးဖြတ်ချက်ချ (မှန်ပါ့)။

ဘာကိုးကွယ်နေကြလဲ (တရားကိုးကွယ်နေကြပါ တယ်ဘုရား) တရားကိုးကွယ်နေကြတယ်ဆိုတာ ဒီအတိုင်း

မှတ်ပါ (မှန်ပါ့)။

ဒါနဲ့ တရားကိုးကွယ်ပါဆိုတော့၊ ဘာတရား၊ ဘာတရားပါတုံးမေးတော့ ရှေးဦးစွာ သီလတရား (မှန်ပါ့) သီလဝိသုဒ္ဓိ၊ တော်တော်ကြာတော့ ကွာတဲ့ စိတ္တဝိသုဒ္ဓိဆိုတဲ့၊ သမထ တည်ကြည်အောင်လုပ်ရတယ် (မှန်ပါ့) ပြီးတော့ ဒိဋ္ဌိဝိသုဒ္ဓိဆိုတဲ့ ဝေဒနာ၊ ဝေဒနာမှန်းသိရတယ်၊ ဒိဋ္ဌိဝိသုဒ္ဓိ (တင်ပါ့)။

## ဒို့ကာယပုဂ္ဂိုလ်တိုင်းကို ကိုးကွယ်တာမဟုတ်

ဝေဒနာ၊ ဝေဒနာတွေ ဘယ်သူ့ကြောင့်ဖြစ်တယ်ဆိုတဲ့ဥစ္စာ အာရုံဒွါရကြောင့် ဖြစ်တယ်ဆိုတာလည်း၊ ကင်္ခါဝိတရဏ၊ ဝိသုဒ္ဓိ (မှန်ပါ့) အဲဒီတော့ ဒို့မှာ သူအဆင့်အတန်းသူ့ အဆင့်အတန်းနဲ့ သွားတာကိုသာ ကြည့်ပြီး တရားတွေက ဒီလို ကိုးကွယ်စရာတွေလည်း ရှိနေတယ်ကွတဲ့ (မှန်လှပါဘုရား)။

ပြီးတော့မှ ဖြစ်ပျက်တွေရှုလို့၊ ပြီးတော့မှ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခတွေရှုလို့၊ ပြီးတော့မှ ဒုက္ခ၏ ဆုံးရာကိုမြင်လို့ အဲဒီလိုလေးစားတဲ့ပုဂ္ဂိုလ်ကျတော့ ဒီတရားအကြောင်းရင်းခံပြီး ဒီပုဂ္ဂိုလ်တော့ ဒို့ကကိုးကွယ်မယ်။ ပုဂ္ဂိုလ်ဆိုပေမဲ့ ဒို့ကပုဂ္ဂိုလ်

တိုင်းကို ကိုးကွယ်တာမဟုတ်ဘူးတဲ့ (မှန်လှပါဘုရား)။

ဒီတရားကို ဟုတ်တိုင်းမှန်စွာ အားထုတ်တဲ့ပုဂ္ဂိုလ်ကျတော့ ဒီပုဂ္ဂိုလ်ကို ငယ်တယ်၊ ကြီးတယ်မရွေးဘူး၊ ကိုးကွယ်ပြန်တာပဲတဲ့ (မှန်ပါ့)။ ဘာပြုလို့ ကိုးကွယ်သတုံး၊ ဆိုတော့၊ တရားကိုးကွယ်တာ ရိုပ်မိပလား (ရိပ်မိပါပြီဘုရား)။

## ဘုရားကဘယ်လိုမှာခဲ့သတုံး

ဒါဖြင့် ဒကာဒကာမတွေ၊ ဘုရားက ဘယ်လိုမှာခဲ့သတုံး(တရားကိုးကွယ်ရမယ်ပါဘုရား)အေး-တရား ကိုးကွယ်ဆည်းကပ်ကြ၊ တရားသာ ပုန်းအောင်း၊ လဲလျောင်းရာပဲဆိုတာ၊ မဟောခဲ့ဘူးလား (ဟောခဲ့ပါတယ်ဘုရား) အဲဒါကြောင့် ဒကာဒကာမတို့ တရားအားထုတ်ရင် မပျင်းကြနဲ့လို့ပြောရတယ် (မှန်လှပါ)။

ဒီတရား ဘယ်ကလာသတုံးလို့ မေးတော့ မြတ်ဘုရားသခင် ကိုယ်တော်မြတ်ကြီး၊ ဟောမှု ပြောမှုရှိပေလို့ သဗ္ဗညုတဉာဏ်တည်းဟူသော အသိဉာဏ်နဲ့ဟောခဲ့၊ ပြောခဲ့ပေလို့ ဒို့ကျင့်ရ၊ ကြံရပေတယ်ဆိုတော့ ကျုပ်တို့လုပ်နေတဲ့အလုပ်ဟာ ဘုရားပါရှိခိုးပြီးသား၊ တစ်ခါတည်းဖြစ်သွားတယ်၊ ဘုရားပါ ကြည်ညိုလေးစားပြီးသား၊ အဖြစ်ကို တစ်ခါတည်း မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် တရားသိမှ ဘုရားသိတယ်ဆိုတာလည်း ဒီမှာ ပေါ်ပြန်တာပဲ (မှန်ပါ့) ဒါနဲ့ပဲ ဝဿကာရ ပုဏ္ဏား ကလည်း လျှာရှည်ရှည် (မှန်ပါ့) လျှာရှည်ပြန်တော့ ဆက်မေး ပြန်တာပဲ (မှန်ပါ့)။

အရှင်ဘုရားတဲ့ တပည့်တော်ကမေးလို့ အရှင်ဘုရား က ဖြေတာ တရားကိုးကွယ်ဆည်းကပ်ရစ်ကြဆိုတော့ တရား ရှိတဲ့ပုဂ္ဂိုလ်ကို ကိုးကွယ်ရုံရှိတော့တာပဲ (မှန်ပါ့) ဒါဖြင့် အရှင် ဘုရားတို့ သာသနာကတော့ ကွဲစရာမရှိတော့ဘူး (မှန်ပါ့) ဒီလိုသူက ယူလိုက်တယ်၊ (တင်ပါ့ဘုရား)။

## ဈာန်တရားဆိုတာ

သို့သော် ဘုရားသက်တော်ထင်ရှားရှိတုန်းက တပည့် တော်နဲ့ ဝေသာလီပြည်မှာ တွေ့ပါတယ်ဘုရား (မှန်ပါ့) တွေ့ တဲ့အခါကျတော့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဈာန်တရားကို တယ်လည်းချီးမွမ်းပါတယ် (မှန်ပါ့) သူကိုယ် တိုင်လည်း အားလည်းထုတ်တယ်၊ ဈာန်တရားကို ချီးလည်း ချီးမွမ်းတယ် အားလည်းထုတ်တယ်၊ အဲဒါကြောင့် တပည့်တော်က ဈာန်တရားကို သိပ်ကျေနပ်ပါတယ်။ ပုဏ္ဏား က သမထကို ကျေနပ်နေတယ် (မှန်ပါ့)။

အရှင်ဘုရားက တပည့်တော်တို့ထက် နီးစပ်ပါတယ်၊ တပည့်တော်တွေ့တုန်းကဖြင့် စျာန်တရားချီးမွမ်းတယ်၊ သူ့သွားကြည့်ပြန်လည်း စျာန်တရားအားထုတ်နေတယ်၊ အဲဒါတွေချည်း၊ တွေ့ရတော့ စျာန်ကိုသိပ်ပြီး နှစ်သက်ပုံရတယ်ဘုရား။

## စျာန်ကနှစ်မျိုးရှိတယ်

အဲဒီတော့ ရှင်အာနန္ဒာက ငါတို့ဟောထားတာ ရှိတယ်ကွ၊ ငါတို့ကို ဟောထားခဲ့တာရှိတယ်။ ရှောင်ကြဉ်ရမယ့် စျာန်၊ မရှောင်ကြဉ်ရမယ့် စျာန်ရယ်လို့ နှစ်မျိုးရှိတယ်။ ဝဿကာရ ပုဏ္ဏားကြီး (မှန်ပါ့) အဲတော့ စျာန်ဘယ်နှစ်မျိုးလဲ (နှစ်မျိုးပါဘုရား) ရှောင်ကြဉ်ရမယ့် စျာန်တစ်မျိုး (တင်ပါ့) မရှောင်ကြဉ်ရမယ့် (စျာန်တစ်မျိုးပါဘုရား)။

စျာန်ဆိုတာ ဒကာဒကာမတို့မှတ်၊ ရှေ့တစ်ခုထားပြီး စိုက်စိုက်စူးစူး မရှုရဘူးလား (ရှုရပါတယ်ဘုရား) အာနာပါနဖြင့် လေကိုပဲ ဒါမပျောက်အောင် ရှုနေရတာပဲ (မှန်ပါ့)။

ပထဝီ ကသိုဏ်းဆိုရင်လည်း၊ ပထဝီမြေလေးရှေ့မှာ၊ ဝိုင်းထားပြီး မြေမှုန့်ကလေးကို ပြောင်အောင်လုပ်ထားပြီး သကာလ၊ စကောလောက်ရှိတဲ့အဝိုင်းကို ပထဝီ ပထဝီဆိုပြီး မပျောက်အောင် ရှုနေရတယ်၊ ဟုတ်ပလား (ဟုတ်ပါပြီဘုရား)။

အာကာသဆိုရင်လည်း ထရံမှာ အဝိုင်းကလေး ဖောက်ထားပြီး ဒါကလေး ကြည့်နေရမယ် (မှန်ပါ) အာကာသော အာကာသော အာကာသော ကောင်းကင်၊ ကောင်းကင်၊ ကောင်းကင်ဆိုပြီးကြည့်နေရတယ်၊ သဘောကျပလား (ကျပါပြီဘုရား)။

အဲဒါတွေ ဈာန်လမ်းဆိုတာ တစ်ခုတည်းသော အာရုံရှုတာပဲကွာတဲ့၊ ဒီလိုရှုတဲ့ဈာန်ပေမဲ့၊ ဘုရားက ပယ်ရမယ့်ဈာန် (တင်ပ့ါ) ပွားရမယ့်ဈာန်၊ အားထုတ်ရမယ့် ဈာန်၊ ဈာန်ပေမယ်လို့ တထစ်ချမှတ်မထားနဲ့အုံး၊ ရိပ်မိပလား (ရိပ်မိပါပြီ)။

ဒကာဒကာမတွေ ဈာန်ကို တထစ်ချမှတ်လို့မရဘူး တဲ့ (မရပါဘုရား) နီဝရဏတရား၊ လောဘ၊ ဒေါသ၊ မောဟ၊ ဥဒ္ဓစ္စ၊ မာန၊ဝိစိကိစ္ဆာ၊ သေတဲ့ဈာန်လည်းရှိတယ်၊ ဒါတွေပွားတဲ့ ဈာန်လည်းရှိတယ် (တင်ပ့ါ) ဈာန်တွေကို ဝဿကာရ ပုဏ္ဏား က မေးလို့ ရှင်အာနန္ဒာက ဖြေရှာတယ် (မှန်ပ့ါ)။

အဲဒီတော့ ကိုယ့်သားသမီးလေးတွေကို ဒကာဒကာမ တွေက ကြည့်နေတော့၊ စိုက်စိုက်စူးစူး မျက်လုံးထဲမှာ မြင် မနေဘူးလား (နေပါတယ်ဘုရား) အဲဒါဈာန်ပဲ၊ (တင်ပ့ါ) စိတ် ကလေးက ကိုယ့်သားသမီးတွေ ကြည့်နေတဲ့အခါ ဘယ်များ သွားသေးသလဲ (ဘယ်မှမသွားပါဘုရား)။

## စူးစူးစိုက်စိုက်ကြည့်နေရင်ချာန်ပဲ

မျက်လုံးလေးကြည့်လိုက်၊ နှုတ်ခမ်းကလေးကြည့်လိုက်၊ ဒီနေရာ အနာရှိသလား၊ ဒီနေရာ ဝေဒနာရှိသလား၊ ဟုတ်လား (တင်ပါ့) ဒီနေရာကလေး ဘာများဖြစ်ဦးမှာတုံး၊ အစရှိသဖြင့် မျက်နှာလေး ပေါင်ပေါ်တင်ပြီး စူးစူးစိုက်စိုက် ကြည့်နေတဲ့အခါ တခြားဆီကို အာရုံပြေးသေးသလား၊ (မပြေးပါဘုရား) အဲဒါချာန်ပဲကွ တဲ့၊ သဘောကျပလား (ကျပါပြီဘုရား)။

စိုက်စိုက်စူးစူး ကြည့်နေရင် ချာန်ပဲ (တင်ပါ့) စိုက်စိုက်စူးစူးကြည့်နေရင် ဘာပါလိမ့်၊ (ချာန်ပါဘုရား) ချာန်ပဲတဲ့ ဒကာဒကာမတို့ ရိပ်မိပလား (ရိပ်မိပါပြီဘုရား) အဲဒီချာန်ကတော့ ကာမဆန္ဒ နီဝရဏဆိုတဲ့ လောဘတရားတွေက ပွားတောင်လာသေးတယ် (မှန်ပါ့)။

## ရှောင်ရမည့်ချာန်

ချာန်တော့ ချာန်ပဲကွတဲ့ ကာမဆန္ဒ၊ နီဝရဏဆိုတဲ့ လောဘတွေ ပွားမလာဘူးလား (ပွားလာပါတယ်ဘုရား) အဲဒီ ချာန်မျိုးကျတော့ ရှောင်ကြဉ်ရမယ့်ချာန်ပေါ့တဲ့ (မှန်လှပါ) ရှောင်ကြဉ်ရမယ့် ချာန်တဲ့ (တင်ပါ့)။

ရှောင်ကြဉ်ရမယ့်ချာန်သည် ကိုယ့်စိန်ကလေးကြည့်

ပြီး ကိုယ့်ပစ္စတ္တမြားကလေးကြည့်ပြီး နေတဲ့စျာန် အဲဒီစျာန်မျိုး ကျတော့ ဘုရားက ရှောင်ကြဉ်ရမယ့်စျာန်တဲ့ (မှန်ပါ့) ဒီ လောဘမလာတဲ့ အာရုံမျိုးကြတော့ဖြင့် အဲဒီစျာန်ကို ဘုရား က ချီးမွမ်းတယ် ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒီလောဘ၊ သေအောင် ရှုနိုင်တဲ့စျာန်မျိုးကျတော့ ချီးမွမ်းတယ် လောဘပွားလာတဲ့စျာန်မျိုးကျတော့ (ပယ်ရ ပါမယ်ဘုရား) စျာန်နှစ်မျိုးရှိတယ်လို့ ဝဿကာရပုဏ္ဏားမှတ် ပါ၊ သဘောကျပလား (ကျပါပြီ)။

ဒကာဒကာမတို့ စျာန်တရားသည် တစ်ခုတည်းသော အာရုံကြောင့် ခုနက မြေလေးဝိုင်းပြီး ပထဝီ၊ ပထဝီလို့ ဆုတောင်းတာများ၍ စျာန်ရတယ်ဆိုအုံးတော့ နီဝရဏ တရားဆိုတဲ့ လောဘ၊ ဒေါသ၊ မောဟ ဣဿာ၊ မစ္ဆရိယ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ က ဒကာဒကာမတို့ ဝမ်းထဲမှာ အပြည့်ရှိတယ် (မှန်ပါ့)။

ဒီလိုစျာန်မျိုးကျပြန်တော့လည်း ဝမ်းထဲမှာ နီဝရဏ တရား အပြည့်ရှိနေတယ်ကွတဲ့၊ ပြင်ဘက်က စျာန်ရဲ့ရှုခြင်း ကြောင့် စျာန်တော့ရပါတယ်တဲ့၊ အတွင်းမှာ မြုံပြီးသကာလ နေတဲ့၊ အနုသယဆိုတဲ့ နီဝရဏတရားတွေက မသေဘူးကွ တဲ့၊ (မှန်ပါ့) အဲဒါမျိုးလည်း ဘုရားသခင် ကိုယ်တော်မြတ်ကြီး စျာန်လို့တော့ခေါ်ရဲ့ မချီးမွမ်းသေးဘူး (မှန်ပါ့) နီဝရဏ

မကုန်ဘူး။

ဒါဖြင့် ကိုယ့်သားသမီးကြည့်တဲ့ ဈာန်မျိုးလည်း နီဝရဏဖြစ်လို့ ပယ်ရမယ် (တင်ပ့ါ) ဒီပြင်လောကီဈာန်တွေကိုလည်း နီဝရဏကို ဆုံးအောင် မလုပ်နိုင်လို့ရှိရင်ဖြင့် ဒီဥစ္စာဆုံးအောင် လိုက်လိုက်ပါအုံး (တင်ပ့ါဘုရား)။

လုပ်တော့လုပ်ပေ့ါဗျာ၊ ဒီတွင်ရပ်မနေနဲ့ဆိုတဲ့ အဓိပ္ပာယ် သဘောကျပလား (ကျပါပြီ) အေးဒါကြောင့်၊ ဝိပဿနာမှလည်း ဆုံးတယ်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား) ဒကာစိန်နေရာကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ လောဘ၊ ဒေါသ၊ မောဟ၊ မသေတဲ့ ဈာန်မျိုးဟူသ၍ ဘုရားချီးမွမ်းတော်မမူဘူးတဲ့။ လောဘ၊ ဒေါသ ငုပ်နေတဲ့ဈာန်မျိုးကို ဘုရားချီးမွမ်းရဲ့လား (မချီးမွမ်းပါဘုရား) ဒါဖြင့် အမြစ်ပြတ်အောင် ရှုနိုင်တဲ့ဈာန်မျိုးဆိုမှ ချီးမွမ်းတယ်ဟော့တဲ့၊ (မှန်ပ့ါ) ရှင်အာနန္ဒာက ဖြေတာ။

အဲဒါကြောင့် ခင်ဗျားတို့ ဒကာဒကာမတွေ ရှုနေတဲ့ ဥစ္စာလည်း ဈာန်ပါပဲ (မှန်ပ့ါဘုရား) ဘာကြောင့်လဲဆိုတော့ အပျက်လာတိုင်း ကိုထွန်းအောင်ရေ ကြည့်ရသေးရဲ့လား တစ်ခါတစ်ခါလဲ မိအောင်ရှုနေရတာ (မှန်ပ့ါဘုရား)။

ဝေဒနာလာလည်း ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ ဒါမိအောင် မရှုရဘူးလား၊ (မိအောင်ရှုရပါတယ်ဘုရား) သညာလာရင်

ကော (ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခမိအောင် ရှုရပါတယ်) စိတ်လာ ပြန်တော့ကော၊ (မိအောင်ရှုရပါတယ်ဘုရား) ဖြစ်ဒုက္ခ ပျက်ဒုက္ခ မိအောင်မရှုရဘူးလား (ရှုရပါတယ်ဘုရား)။

## ချာန်ကော ဉာဏ်ကောတွဲသွားတယ်

အေး-မိမိရရဖြစ်အောင်ဖြင့် မရှုရဘူးလား (ရှုရပါ တယ် ဘုရား) ဘယ်မှမပြေးအောင်လည်း မရှုရဘူးလား (ရှုရပါတယ်ဘုရား) ဒါကတော့ ဈာန်ရော မဂ်ရော၊ တစ်ခါ တည်းပါသွားတယ်၊ (မှန်ပါဘုရား)။

စူးစူးစိုက်စိုက် ကြည့်တာက ဈာန် (မှန်ပါ့) သဘော ကျပလား (ကျပါပြီ) ကိလေသာ၊ သေအောင်သတ်တာက ဉာဏ် (မှန်ပါ့) ဈာန်ရောဉာဏ်ရော တွဲသွားတယ်၊ (မှန်လှ ပါဘုရား)။

အခုဒကာဒကာမတွေ ဘုန်းကြီးပေးနေတဲ့ အလုပ်က ဘာပါလိမ့် (ဈာန်ရော ဉာဏ်ရောတွဲသွားပါတယ်ဘုရား) အဲဒါကြောင့် ဈာန်လမ်း သီးသန့်မပါတော့ဘူး သဘောကျ ပလား (ကျပါပြီဘုရား) ဈာန်ရော၊ ဉာဏ်ရော တစ်ခါတည်း ပါမသွားဘူးလား (ပါ့ပါတယ်ဘုရား) အေး-ဈာန်ရော ဉာဏ် ရောပါသွားတော့မှ သူ့ကျေးဇူးခံစားရတာ ပေါ်လာတယ်၊ ဒကာစိန်ရေ (မှန်ပါ့)။

ဘယ်လိုပေါ်လာသလဲဆိုတော့ ဈာန်က အာရုံကို စိုက်စိုက် စူးစူးကြည့်တော့၊ ဈာန်ကသစ်ပင်တစ်ပင်၊ အပေါ် ရုံပြတ်အောင် ဖြတ်လိုက်တယ် (မှန်လှပါဘုရား) အမြစ်တွေ ဥတွေကတော့ (ကျန်ရစ်ပါတယ် ဘုရား) ဉာဏ်က အမြစ် တူးပစ်လိုက်တော့ ဘာကျန်သေးသလဲ (ဘာမှမကျန်ပါ ဘုရား)။

ဒီခန္ဓာပင်ကြီး၊ အဝိဇ္ဇာ၊ တဏှာ၊ ဥတွေလဲပျောက်၊ (ပျောက်ပါတယ်ဘုရား) လူကောင် နတ်ကောင် ဗြဟ္မာ ကောင်ဆိုတဲ့ အပင်တွေလည်းပျောက် (ပျောက်ပါတယ် ဘုရား) အဲဒီတော့ အခုဒကာဒကာမတွေ ဘုန်းကြီးပေးနေတဲ့ နည်းက

အဠတ္တာဒွေ၊ ဓမ္မာ ယုဂနဒ္ဓါပဝတ္တန္တိ၊ သမထောစ ဝိပဿနာစ၊ ဝိပဿနာရှိရာဌာန၌ ဒွေး = နှစ်ပါးကုန်သော၊ ဓမ္မာ = တရားတို့သည်၊ ပဝတ္တန္တိ = ဖြစ်ကုန်၏။ သမထောစ = စိုက်စိုက်စူးစူး၊ ရှုနေတဲ့ သမထသည်လည်းကောင်း၊ ဝိပဿနာစ = နိဝရဏတရားတွေကို သတ်နေသော ဝိပဿနာသည်လည်းကောင်း၊ ယုဂနဒ္ဓါ = အစုံအားဖြင့် (ဝါ) တွဲ၍ ပဝတ္တန္တိ = ဖြစ်ကြကုန်၏။ (မှန်ပါ)။

ခင်ဗျားတို့ လုပ်နေတဲ့အလုပ်က သမထ၊ ဝိပဿနာ တွဲပြီး ပါသွားတဲ့အလုပ် ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)

ဘာတဲ့ ဒကာဒကာမတို့ (သမထ၊ ဝိပဿနာတွဲပြီး ပါသွားတဲ့ အလုပ်ပါဘုရား)။

## ဝိပဿနာကဥပါတူးတယ်

သမထက လူကောင် နတ်ကောင် အမည်သစ်ပင်မှာ ဒကာစိန် အမြစ်နားက ကပ်ဖြတ်လိုက်တယ်၊ ဥရှိတဲ့ သစ်ပင်မှာ (မှန်ပါ့) သို့သော် မိုးကျပြန်တော့ ပြန်ပေါက်တယ် (မှန်ပါ့)။

ဝိပဿနာက ဥပါတူးတယ် (တင်ပါ့) ခင်ဗျားတို့တွဲလုပ်တဲ့အလုပ်ကဖြင့် ပင်စည်လည်းပြုတ်၊ ဥလဲပဲပြုတ်၊ နှစ်ခုစလုံး မပြုတ်ဘူးလား (ပြုတ်ပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာ၊ တဏှာနဲ့တူတဲ့ လူကောင်နတ်ကောင် ဗြဟ္မာကောင်၏ ဥတွေကော မကုန်ဘူးလား. . . (ကုန်ပါတယ်ဘုရား)၊ လူကောင် နတ်ကောင် ဗြဟ္မာကောင်တည်းဟူသော ပင်စည်၊ ခက်မ၊ ဒုက္ခသစ္စာကြီးကော မပြောင်ဘူးလား (ပြောင်ပါတယ်ဘုရား)၊ ဒါကြောင့် ဒကာဒကာမတွေ ကြည့်နေတော့ သမာဓိမဂ္ဂင်နဲ့ ပညာမဂ္ဂင်တွဲရက်ကြီးပါတယ်လို့ သေသေချာချာမှတ်ပါ၊ (မှန်လှပါဘုရား)။

သမာဓိမဂ္ဂင်နဲ့ ပညာမဂ္ဂင်တွဲရက်၊ တွဲရက်လာတယ်ဆိုတော့ ဒကာဒကာမတွေ သမထအထူးလုပ်စရာမလိုတော့ဘူး. . . (မှန်လှပါ)၊ သမထနဲ့ ဝိပဿနာဘာဖြစ်သတုံး. . .

(တွဲရက်ပါဘုရား)၊ တွဲရက်ချည်းဖြစ်နေတယ်ဆိုတော့ သံသယဖြစ်စရာလိုသေးလား (မလိုတော့ပါဘုရား)။

အင်း- အဲဒီတော့ ဒကာစိန် ပေါ်တိုင်းပေါ်တိုင်း ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခတွေကို ဒကာဒကာမတွေက ဉာဏ်နဲ့ရှု ရှုပြီးနေတော့ စိုက်စိုက်စူးစူးရှုတာက ဈာန်ပေါ့ဗျာ (မှန်လှပါ)၊ စိုက်စိုက်စူးစူး၊ အာရုံတည့်ထားတာက ဈာန်ကြောင့်နော် (မှန်ပါ့)၊ သတိတို့ သမာဓိတို့ ဝီရိယတို့ပေါ့ဗျာ (မှန်ပါ့)။

## သမထက ဈာန်၊ ဝိပဿနာက ဉာဏ်

ဒါလေးတွေ ဒုက္ခလေးတွေပဲလို့ မြင်နေတာက ဉာဏ်ပေါ့ဗျာ (မှန်ပါ့)၊ စိုက်စိုက်စူးစူးကြည့်တာက ဘာပါလိမ့်မလဲ . . (ဈာန်ပါဘုရား)၊ ဒါလေးတွေဒုက္ခလေးတွေပဲလို့ သိတာက (ဉာဏ်ပါဘုရား)။ အဲဒီဈာန်နဲ့ဉာဏ်နဲ့ တွဲသွားတယ် (မှန်လှပါဘုရား)၊ ဉာဏ်ကဝိပဿနာ ဈာန်က သမထ (မှန်ပါ့)။

အဲဒါကြောင့် ဒကာဒကာမတွေ ဒီမှာနာရတဲ့တရား၊ ဒီက နည်းနဲ့အားထုတ်တဲ့ ဒကာဒကာမတွေကျတော့ ဈာန်လမ်း၊ ဉာဏ်လမ်း၊ တစ်ခါတည်း တွဲပြီးအားထုတ်တာလို့ (မှန်လှပါဘုရား သိပ်ကောင်းပါတယ်ဘုရား)၊ သေသေချာချာ ဆုံးဖြတ်ချက်ချပါ (မှန်လှပါဘုရား)။

အဲဒီတော့ နီဝရဏဆိုတဲ့ လောဘ၊ ဒေါသ၊ မောဟ

တွေ့ပါသေးရဲ့လား . . . (မပါတော့ပါဘုရား)၊ အောင်းနေနိုင်သေးရဲ့လား. . . (မနေနိုင်ပါဘုရား)၊ ဈာန်လမ်းချည်းအားထုတ်မယ်ဆိုရင် နီဝရဏက ဝမ်းထဲမှာ ဥသဘောနဲ့အောင်းနေတယ်၊ အမြစ်မတူးနိုင်ဘူး၊ ဉာဏ်ပါလာတော့မှ (အမြစ်တူးနိုင်ပါတယ်)၊ မကွာဘူးလား. . . (ကွာပါတယ်ဘုရား)။

ဝဿကာရ ပုဏ္ဏားမေးလိုရင်းက ဒါမဟုတ်ဘူး၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဈာန်ကိုလည်း ချီးမွမ်းတော် မူတယ်၊ ဈာန်ကိုလည်း သူကိုယ်တိုင်ဝင်စားတော်မူတယ်၊ အဲဒီတော့ ဈာန်လမ်းဟာ အတော်အရေးကြီးပုံရတယ်ဘုရားလို့ သူကလျှောက်တယ်။

အဲဒီမှာ ရှင်အာနန္ဒာက၊ ဈာန်လမ်းပေမဲ့ မချီးမွမ်းတဲ့ဈာန်၊ ချီးမွမ်းတဲ့ဈာန် နှစ်မျိုးရှိတယ်၊ နီဝရဏဆိုတဲ့ လောဘ၊ ဒေါသ၊ မောဟ သေအောင်လုပ်တဲ့ ဈာန်မျိုးကျတော့ ဘုရားချီးမွမ်းတယ် (မှန်ပါ့) ဒါတွေအောင်းနေတဲ့ ဈာန်မျိုးကတော့ (မချီးမွမ်းပါဘုရား)။

အဲဒီကဲ့သို့ ရှင်အာနန္ဒာက ဖြေလိုက်တော့မှ အမလေး သဘောကျတယ်ဘုရားတဲ့ (တင်ပါ့) သူကဘုရားလည်း ချီးမွမ်းတယ်၊ ဘုရားလည်း ကိုယ်တိုင်ဝင်စားတယ်ဆိုတော့ အင်း - ဒီဈာန်အလုပ် ကို ဘုရားဖြစ်တဲ့အလုပ်လို့မှတ်နေတယ်တဲ့(မှန်ပါ့)မဟုတ်ဘူးကွတဲ့။ ဘုရားသခင်

ကိုယ်တော်မြတ်ကြီးက ဝင်စားတယ် ချီးမွမ်းတယ်ဆိုတော့ သူမှ ဝိပဿနာလမ်း ဈာန်လမ်း၊ တွဲတက်ခဲ့လို့ ကိလေသာက သတ်စရာမရှိတော့ ဈာန်ဝင်စားနေတာ မင်းတို့ပုထုဇဉ်တွေက ဒီကစရမယ်ဆိုတော့ ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အဲ-ဒီတော့ ဒကာ ဒကာမတို့ ဝဿကာရ ပုဏ္ဏားကို ရှင်အာနန္ဒာက ဘုရားဟောတော်မူတဲ့ နောက်ဆက်တွဲအဖြေနဲ့ ဖြေလိုက်တာရှင်းပလား (ရှင်းပါပြီဘုရား)။

## ဈာန်လမ်းဉာဏ်လမ်းမခွဲနဲ့

ဘုန်းကြီးတို့ ဒကာဒကာမတွေ ဈာန်လမ်းဉာဏ်လမ်းကိုဖြင့် မခွဲနဲ့ (မှန်ပါ့) အဲ ဈာန်လမ်း ဉာဏ်လမ်းကို ဘယ်က စမခွဲရမှာတုံးဆိုတော့ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ မြင်သည်ကစ၍ မခွဲနဲ့၊ ဈာန်လမ်းဉာဏ်လမ်းခွဲဖို့ မလိုတော့ဘူး (မှန်လှပါ)။

တစ်ခါ ရုပ်နာမ်ခွဲနေတုန်းကလဲ ဒကာစိန်ရေ ဈာန်လမ်းမပါတော့ဘူး ဉာဏ်လမ်းပဲ (မှန်ပါ့) ရုပ်နာမ်ခွဲတာလည်း ဉာဏ်ပဲ၊ တစ်ခါအကြောင်းအကျိုးခွဲတာလည်း ဉာဏ်ပဲ (မှန်လှပါဘုရား) အေး-အဲဒီအထဲ ဈာန်ကတော့ ငုပ်ရက်ငုပ်ရက်ပါနေတယ်။ ဉာဏ်ကချည်း ဦးစီးနေတယ် သဘောကျပလား (ကျပါပြီဘုရား)။

တစ်ခါ ဖြစ်ပျက်တွေကြည့်ပြန်တော့ ဘယ်သူက ဦးစီးနေပြန်လည်း (ဉာဏ်ကပဲ ဦးစီးနေပါတယ်ဘုရား) ဈာန်က မပါပဲနေသလား (ပါပါတယ်ဘုရား) ဈာန်ကလည်း တွဲရက်ပဲ(မှန်ပါ့) သို့သော် ခေါင်းဆောင်ဘယ်သူဖြစ်နေသလဲ (ဉာဏ်ဖြစ်နေပါတယ်ဘုရား)။

အဲဒါကြောင့် ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်ကျတော့ ဉာဏ်ကဦးစီးပြီး သမထဆိုတဲ့ဈာန်က နောက်လိုက်ဖြစ်နေတယ် (မှန်လှပါ)၊ ဘာတုံးသမာဓိတို့၊ ဝီရိယတို့၊ သတိတို့ ဒါတွေဟာ ဈာန်တွေကိုးဗျ (မှန်လှပါ)၊ ဒါတွေက နောက်လိုက်ဖြစ်ပြီး ပညာကရှေ့ကျနေတယ် သဘောကျပလား (ကျပါပြီဘုရား)။

ဒါကြောင့် ခင်ဗျားတို့သည် ကိုယ်ပိုင်ဉာဏ်နဲ့ဆွေးနွေးပြီး ဒကာဒကာမတွေက စဉ်းစားလို့ရှိရင် အင်း- တပည့်တော်တို့ အပျက်ကလေးတွေမြင်တယ်၊ ဒီအပျက်ကလေးတွေဟာလည်း တကယ့်ဒုက္ခကလေးတွေပဲ တယ်ကြီးတဲ့ဒုက္ခပါလား လို့ မြင်လို့ရှိရင် သတိ၊ ဝီရိယ၊ သမာဓိတို့ကြောင့် (မှန်ပါ့)၊ အမှန်မြင်တဲ့သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပတွဲလျက်ပါသောကြောင့် ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခလို့မြင်တယ် (မှန်ပါ့)။

ဒါဖြင့် ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခလို့မြင်၊ ဖြစ်ဒုက္ခ ပျက်ဒုက္ခ ဆီမှ တစ်ပါး ဘယ်ကိုမှမပြေးပဲနေတာက သတိ၊ ဝီရိယ၊ သမာဓိတို့ကြောင့်ဖြစ်တယ် (မှန်ပါ့ဘုရား)၊ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ

မြင်တာက သမ္မာဒိဋ္ဌိ၊ သမ္မာသက်ပ္ပကြောင့်ဖြစ်တယ် (မှန်ပါ့)။

## ဘုရားချီးမွမ်းတဲ့ချာန်ဆိုတာ

ဒါဖြင့် အာရုံတစ်ခုကို ရှုတိုင်း ရှုတိုင်း ဒီငါးခုသေချာနေတယ် (သေချာပါတယ်ဘုရား)၊ ငါးခုသေချာနေတဲ့အတွက် ဒကာဒကာမတွေ နီဝရဏတရားဆိုတဲ့ လောဘ၊ ဒေါသ၊ မောဟတရားတွေ ကပ်နိုင်သေးရဲ့လား (မကပ်နိုင်ပါဘုရား)၊ အဲဒီဈာန်မျိုးကျတော့ ဘုရားချီးမွမ်းတယ်ဟေ့၊ ဝဿကာရပုဂ္ဂိုလ်များ နီဝရဏသေတယ်ကွတဲ့ လောဘ၊ ဒေါသ၊ မောဟသေတဲ့တရားတွေကျတော့ ဘုရားက အလွန်ချီးမွမ်းပေါ့ကွာ (မှန်ပါ့)၊ အဲဒီလိုမှတ်လိုက်ပါအုံးတဲ့ သဘောကျပလား. . . (ကျပါပြီဘုရား)၊ တယ် အဖိုးတန်ပါလား ဒကာဒကာမတို့ (အဖိုးတန်ပါတယ်ဘုရား)။

အေး-ဒါကြောင့် ဥပရိပဏ္ဏာသပါဠိတော်မှာပါတယ်၊ ဝဿကာရပုဂ္ဂိုလ်များနဲ့ရှင်အာနန္ဒာ၊ ဘုရားပရိနိဗ္ဗာန်စံပြီးစ၊ တွေ့ကျတော့ ရှေးဦးစွာ ဘုရားသာသနာတော်ကြီးကို တိတ္ထိတွေ ကွဲထွက်သွားတာမြင်လို့ ဒီအမေးထွက်လာတယ် (မှန်လှပါဘုရား)။

ဒီအမေးထွက်လာတော့ ဒီအဖြေတွေကို ဝိပဿနာဉာဏ်ရောက်အောင် ရှင်အာနန္ဒာကဖြေချတယ် (မှန်ပါ့)

ဖြေပြီးသကာလ ဒီအဖြေတွေကို မွန်မွန်ရည်ရည်နဲ့ပဲပေးတယ် ဒါကြောင့် ဒကာ ဒကာမတို့ အခုလုပ်နေတဲ့အလုပ်သည် သမထ၊ ဝိပဿနာ၊ တွဲရက်အလုပ်ဆိုတာ ဆုံးဖြတ်ချက်ချ (တင်ပါ့ဘုရား)။

## ပညာမှာလည်းအထိမ်းရှိရတယ်

ဖြစ်ပျက်လာတိုင်း ဉာဏ်အောက်ချည်း ရောက်နေတာပဲဆိုရင်ဖြင့် ဘယ်သူထိန်းထားတာလဲ သတိ၊ ဝိရိယ၊ သမာဓိဆိုတဲ့ သမထကထိန်းထားတာ (မှန်လှပါဘုရား) ဒါလေးတွေ ဉာဏ်အောက်ရောက်လာလို့ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခပဲလို့ မြင်တာက ပညာကမြင်တာ (မှန်ပါ့)။

ဒါဖြင့် ဒီပညာလေးဘယ်မှ မပြေးရအောင် ထိန်းထားတာက သမာဓိ (မှန်ပါ့) ဒီပညာလေးက အမှန်အကန်မြင်တာက ပညာ (မှန်ပါ့) ဒီအမှန်အကန်မြင်တတ်တဲ့ ပညာကို ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ၊ အပေါ်မှတစ်ပါး ဘယ်မှမသွားရအောင် ထိန်းထားတာက၊ သမာဓိ ရိပ်မိပလား (ရိပ်မိပါပြီဘုရား) ဒီပညာကိုလည်း အထိန်းပါရသေးတယ် (မှန်ပါ့)။

လောကီ ဥပမာကိုလည်း ဘုန်းကြီးကပြောပါမယ် မြားပစ်တဲ့လူ သေနတ်ပစ်တဲ့လူ (တင်ပါ့) ဒကာ ဒကာမတို့ ဒီသားကောင်ဆိုတဲ့ ငှက်နဲ့၊ သေနတ်အဖျားမှာရှိတဲ့ ချိန်

စရာလေးနဲ့ တည့်အောင်လုပ်ရတာကတော့ သမာဓိအလုပ် (မှန်ပါ့) သို့သော် ဒီသမာဓိက တည့်အောင်သာလုပ်တယ် ငှက်သေအောင်တော့ မပစ်နိုင်ဘူး (မှန်လှပါဘုရား)။

ပညာနဲ့တူတဲ့ ကျည်ဆံတို့ ဖြုတ်တဲ့လက်တို့ကမှ ဒကာ ဒကာမတို့ ငှက်သေအောင်ပစ်နိုင်တယ် (မှန်လှပါ ဘုရား) ဒါဖြင့် တည့်အောင်ချိန်နိုင်တာက သမာဓိနဲ့တူတယ်၊ သေအောင်လုပ်နိုင်တာက ပညာနဲ့တူပါတယ် (မှန်လှပါ)။

တည့်အောင်လုပ်နိုင်တာကဘာတုံး (သမာဓိပါ ဘုရား) အေး အာရုံတစ်ခုကို စူးစူးစိုက်စိုက်တည့်အောင် လုပ်တာက သမထ၊ ဈာန်သဘောကျပလား (ကျပါပြီဘုရား) ကိလေသာရန်သူကို မှန်အောင် ပစ်သတ်နိုင်တာက (ပညာပါ ဘုရား) ပညာဆိုတော့ သမထကော၊ ဝိပဿနာ ပညာရော၊ တစ်ခါတည်း တွဲမသွားဘူးလား (တွဲသွားပါတယ်ဘုရား)။

အဲဒီလိုတစ်ခါတည်း တွဲသွားတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ စိတ်ချရတဲ့အရေးကြည့်လေ မဆိုနိုင်ဘူး လား (ဆိုနိုင်ပါတယ်) ဒါကြောင့် ဝေဒနာလေးတစ်ခု ဘယ် နေရာပဲပေါ်ပေါ် ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ ရောက်အောင်ကြည့် (မှန်ပါ့) သုခဝေဒနာလေးပေါ်တယ် ဒကာစိန် ဘာဖြစ်သလဲ (ဖြစ်ဒုက္ခ ပျက်ဒုက္ခ ရောက်အောင်ရှုရမယ်ဘုရား)။

အေး ဒါကြောင့် သမ္မာဒိဋ္ဌိဖြစ်အောင်ဆိုတော့ -

သုခံဝါ ဇာနတော ပဿတော သုခံဝါ ဒုက္ခံဝါအဒုက္ခံ မသုခံဝါ တံပိဒုက္ခတော၊

တံပိ = ထိုပေါ်လာတဲ့ဝေဒနာလေးတွေကိုလည်း ဒုက္ခတော = ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခအားဖြင့်၊ ဇာနတော= ရှုသော၊ ပဿတော = မြင်သောပုဂ္ဂိုလ်အား၊ သမ္မာဒိဋ္ဌိ = သမ္မာဒိဋ္ဌိသည်၊ ဥပ္ပဇ္ဇတိ = ဖြစ်၏ (မှန်ပါ့)။

## ဒုက္ခအဆုံးမြင်မှ မဂ္ဂသမ္မာဒိဋ္ဌိ

ဒါဖြင့် ဒကာ ဒကာမတို့ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခမြင်အောင် ရှုနိုင်တဲ့ပုဂ္ဂိုလ်၊ သမ္မာဒိဋ္ဌိပဲ (မှန်ပါ့) ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်ပြီ၊ အဲဒီထက်ကျော်ပြီး ရှုပါများလာတဲ့အခါ ဒုက္ခအဆုံးကို မြင်တာကတော့ မဂ္ဂသမ္မာဒိဋ္ဌိမဖြစ်ပေဘူးလား (ဖြစ်ပါတယ်ဘုရား) ဒါဖြင့် ဒကာ ဒကာမတို့ ဝိပဿနာသမ္မာဒိဋ္ဌိမပါပဲနဲ့ မဂ္ဂသမ္မာဒိဋ္ဌိ မရပါဘူး (မှန်ပါ့ဘုရား)။

ဝိပဿနာသမ္မာဒိဋ္ဌိ ဆုံးအောင်သာလိုက်လိုက် (ကောင်းလှပါဘုရား) မဆုံးသေးလို့ရှိရင်လည်း ဒကာ ဒကာမတွေ သေသေချာချာမှတ် ထပ်ရှုနေရမှာပဲ။ ဒုက္ခတွေ တွေ့နေသေးတယ်ဘုရား၊ ထပ်ရှုပေ့ (မှန်ပါ့ဘုရား) ဒုက္ခတွေတွေ့နေသေးတယ်ဘုရား (ထပ်ရှုရပါမယ်) ဆုံးဖြတ်ချက် မချနိုင်ဘူးလား (ချနိုင်ပါတယ်ဘုရား)။

အဲဒါကြောင့် ဒုက္ခအဆုံးကို မြင်ပြီလား၊ ဒုက္ခအဆုံးက နိရောဓသစ္စာ (တင်ပါ့) သဘောကျပလား (ကျပါပြီ) ဒုက္ခအဆုံးက ဘာပါလိမ့် (နိရောဓသစ္စာပါဘုရား) မြင်တာက (မဂ္ဂသစ္စာပါဘုရား) ခုနကဖြစ်ပျက် ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခက ဘာပါလိမ့် (ဒုက္ခသစ္စာပါဘုရား) သေနေတာက (သမုဒယသစ္စာပါဘုရား)။

အေး ပြန်ပြောမယ် ဒကာစိန် စဉ်းစားပါအုံး (မှန်လှပါဘုရား) ဒုက္ခအဆုံးက ဘာသစ္စာပါလိမ့် (နိရောဓသစ္စာပါဘုရား) ဒုက္ခအဆုံး မြင်တာက (မဂ္ဂသစ္စာပါဘုရား) ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခက (ဒုက္ခသစ္စာပါဘုရား) သူ့ရှုနေတုန်းကို ဒုက္ခအဆုံးကို မြင်နေတဲ့တရားကြောင့် နိဗ္ဗာန်ရဏတရားတွေ ချုပ်ငြိမ်းရှုပ်သိမ်းတာက သမုဒယသေတာ သဘောကျပလား (ကျပါပြီဘုရား)။

## ဒုက္ခလို့သိမှ သမ္မာဒိဋ္ဌိ

အဲဒါကြောင့် ဒကာ ဒကာမတွေ ဒုက္ခလို့ အမှန်အကန်သိရင် သမ္မာဒိဋ္ဌိဖြစ်မှာပဲ ဒုက္ခလို့ အမှန်အကန်မသိသေးလို့ရှိရင် (သမ္မာဒိဋ္ဌိမဖြစ်နိုင်သေးပါဘုရား) ဒါ ဝေဒနာပဲလို့ ဆိုရင် မကိုက်သေးဘူး (တင်ပါ) ငါပဲဆိုရင် ဒီထက်မကိုက်ဘူး၊ သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် သာသနာတွင်း၊ သမ္မာဒိဋ္ဌိဖြစ်ချင်လို့ရှိရင်၊ ဝေဝဒနာပေါ်တိုင်း ပေါ်တိုင်း၊ ဒုက္ခမြင်အောင်ကြည့် အနိစ္စ မြင်အောင်ကြည့်၊ အနတ္တမြင်အောင်ကြည့် အဲဒါသမ္မာဒိဋ္ဌိ ဖြစ်ပြီ (မှန်လှပါဘုရား)။

ဝေဒနာ ပေါ်တိုင်းပေါ်တိုင်း ငါဘာဖြစ်ပြန်ပြီ၊ ငါ ကောင်းစားပြန်ပြီ၊ ငါဆင်းရဲလာပြီ၊ ငါအသင့်အတင့်ရှိလာပြီ ဆိုရင်ဖြင့် မိစ္ဆာဒိဋ္ဌိ (တင်ပါဘုရား) ဒါဖြင့် သမ္မာဒိဋ္ဌိနဲ့ မိစ္ဆာ ဒိဋ္ဌိနဲ့ ကွဲပလား ဒကာ ဒကာမတွေ (ကွဲပါပြီဘုရား)။

## ဆရာကောင်းရှာသင့်ပြီ

ဒါကြောင့် "ယထာဘူတံ ဉာဏာယသတ္တာ၊ ပရိယေ သိတဗ္ဗော" ဟုတ်တိုင်းမှန်စွာ အခုလို ရှင်းရှင်းလင်းလင်း ပြော နိုင်တဲ့ ဆရာကောင်း ခင်ဗျားတို့ သေသေချာချာ ရှာသင့်ပြီ (မှန်လှပါဘုရား) နိုမို့ရင် အလွဲနဲ့ အချော်ချည်းဖြစ်မှာပဲ ဘယ်လောက်ကြောက်စရာကောင်းသလဲ (တင်ပါဘုရား) ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မှာတော်မူတာ အရေး ကြီးလို့ဆိုတာ သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီနေ့တရားမှာဖြင့် ဝေဒနာ ပေါ်တိုင်းပေါ်တိုင်း ဘာရှုရမလဲ (ဒုက္ခရှုရပါမယ်ဘုရား) ဖြစ်

ဒုက္ခ ပျက်ဒုက္ခသာလျှင် ရှုကွာ (မှန်ပါ့) ဘယ်အခြေအနေ ရောက်အောင်ရှုရမှာလည်းဆိုရင် (ငြီးငွေ့လာအောင် ရှုရပါ မယ်) အေး တက်လိုက်ပါအုံး ဒကာစိန်ရေ (ဖြစ်ဒုက္ခ ပျက်ဒုက္ခထိ အောင် ရှုရပါမယ်ဘုရား)။

တက်ပါအုံး၊ ဒီလောက်နဲ့ မရသေးဘူး တက်ပါအုံး (ဒုက္ခအဆုံးရောက်အောင်ရှုရပါမယ်) အေး-အဆုံးကျ အောင် ဒုက္ခဆုံးမှသာလျှင် နိဗ္ဗာန်ကိုဗျ (မှန်ပါ့) အဲဒါမြင် အောင်ရှု၊ သဘောကျပလား (ကျပါပြီ)။

## ဒုက္ခအဆုံးမြင်သည်အထိရှု

ဒါဖြင့် ဒကာ ဒကာမတို့ ပထမတော့ဖြင့် ဝေဒနာ တွေ့အောင် (မှန်ပါ့) ဒုတိယဖြစ်ဒုက္ခ ပျက်ဒုက္ခတွေ့အောင် (မှန်ပါ့) တတိယဒုက္ခဆုံးအောင် ရှုလို့ရှိရင်ဖြင့် ခင်ဗျားတို့ လိုချင်ရင်း ကိစ္စ၊ အကုန်ပြီးပြီဆိုတာ သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ မလွယ်ဘူးလား၊ (လွယ်ပါ တယ်ဘုရား) လွယ်တယ်တဲ့၊ အခုတရားကို ချုံးလိုက်ပြန် တော့လည်း ပထမ၊ ဝေဒနာတွေ့အောင်ရှာ (မှန်လှပါ) ဒုတိယ ဝေဒနာတွေကို ဖြစ်ဒုက္ခ ပျက်ဒုက္ခတွေ့အောင်ရှု (မှန်ပါ့) တတိယဝေဒနာဆုံးသည့်တိုင်အောင်ရှု (မှန်လှပါ

ဘုရား) ဆိုတော့ ယနေ့တရားမှာ သုံးမျိုးထဲနဲ့ စခန်းသတ်ပြီး ဟော ပြန်တယ် (တင်ပါ့ဘုရား)။

ပထမဘာတွေ့အောင်ရှာမလဲ (ဝေဒနာတွေ့အောင် ရှာရပါမယ်) ရှာတဲ့ဝေဒနာကို တစ်ခါ ဘယ်အခြေအနေ ရောက်အောင်ရှုရမလဲ (ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခတွေ့အောင်ရှု) အေး-ဖြစ်ဒုက္ခ ပျက်ဒုက္ခရအောင်ရှု (မှန်ပါ့) ကောင်းပြီ ဒါနဲ့ မကျေနပ်နဲ့အုံး (မှန်ပါ့) ဒုက္ခအဆုံးရောက်အောင်ရှုလိုက် ဟုတ်ပလား (ဟုတ်ပါပြီဘုရား)။

လွဲလို့မရဘူး၊ ဒကာစိန်ရေ ဂရုစိုက်မှ (တင်ပါ့ဘုရား) ပထမ တစ်နံပါတ်က ဝေဒနာတွေ့အောင်ရှာ (မှန်ပါ့) ဒုတိယ နှစ်နံပါတ်က ဖြစ်ဒုက္ခ ပျက်ဒုက္ခ မဖြစ်ဖြစ်အောင်ရှု (တင်ပါ့) တတိယက ဖြစ်ဒုက္ခ ပျက်ဒုက္ခ မတွေ့ရင် ဒုက္ခအဆုံးကို မြင် သည့်တိုင်အောင်ရှု (တင်ပါ့)။

အဲဒီကဲ့သို့ ရှုနိုင်လို့ရှိရင်ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ သမထ၊ ဝိပဿနာ- စုံတဲ့ မဂ္ဂင်ရှစ်ပါး အစုံ ဖြစ်ပြီ (မှန်လှပါဘုရား)။ လိုရင်းမဆိုက်သေးဘူးလား (ဆိုက် ပါပြီဘုရား) လိုရင်းဆိုက်တော့ ဘာလိုသေးတုံး (မလိုတော့ ပါဘုရား)။

## ဘာကိုကိုးကွယ်ကြမလဲ

အဲဒီတော့ ဒကာ ဒကာမတို့ ဘာကို ကိုးကွယ်ကြမလဲဆိုတာ ပြန်လုပ်လိုက် မေ့သွားမှာစိုးလို့ပါ (တရားကိုးကွယ်ရမယ်ဘုရား) တရားကိုးကွယ်ရမယ်ဆိုတာသည် လက်အုပ်ချီနေရမှာလား၊ ပွားများနေရမှာလား (ပွားများနေရမှာပါဘုရား)။

## လက်အုပ်ချီနေရင်သမထ

တရားပဲကိုးကွယ်ပါ၏လို့ လက်အုပ်ချီနေတာသည် သမထ (မှန်ပါ့) ပွားများနေရင် (ဝိပဿနာ) ဒါလဲ ခွဲသိအုံး (မှန်ပါ့) ဘုရားဟောကြားညွှန်ပြတဲ့ တရားတွေကို ပွားများပြီးနေခဲ့သော် ကိုးကွယ်နေတာပဲ (ဝိပဿနာပါဘုရား) သမထနဲ့ ဝိပဿနာကော ကွဲပလား (ကွဲပါပြီဘုရား)။

## ပွားများနေတာမှ ဝိပဿနာ

ကဲဒါဖြင့် ဘုရားနားလက်အုပ်ချီနေတာ၊ ဗုဒ္ဓါနုဿတိကို ဗျ၊ သမထ တရားအားထုတ်နေတာ ဖြစ်ပျက်တွေမြင်အောင် အားထုတ်နေတယ်ဆိုလို့ရှိရင်ဘာတုံး (ဝိပဿနာပါဘုရား)။

သမံထချည်းသက်သက်ဆိုရင် နိဗ္ဗာန်ရောက်တယ်လို့

မှတ်လိုက်ပါ (မှန်ပါ့) နိဝရဏသေအောင် လုပ်တာက ဘာပါ လိမ့် (ဝိပဿနာပါဘုရား) ဒါကြောင့် ဒကာ ဒကာမတို့ ဖြဟ္မာ တွေပေမယ့်လည်း လူ့ပြည်ဆင်းပြီး အပါယ်သို့ ရောက်အောင် ကျသေးတယ်ဆိုတာ သဘောကျပလား (ကျပါပြီဘုရား)။

ငုတ်တဲ့အနာကြီးက ဖြဟ္မာပြည်ပါသွားတော့၊ အဲဒီ အနာကြီးလည်းကြွပါရော၊ ဗြဟ္မာစုတေစိတ်ကျတယ်၊ တစ်ခါ တည်း လူ့ပြည်ဆင်းပြီး၊ လူ့ပြည်ကနေ အပါယ်သွားတယ်၊ ဝက်တွေတောင်ဖြစ်လိုက်သေးတယ် (မှန်လှပါဘုရား) ဒါကြောင့် သမထချည်းသက်သက်လုပ်မယ်ဆိုရင်ဖြင့် လမ်း မဆုံးဘူးဆိုတာ ပေါ်ကြပလား (ပေါ်လာပါပြီဘုရား)။

## ရေယူလာရင်ရေခွက်ပါပြီးသား

ကိုင်း-ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘယ်လို လုပ်ကြမယ် (ဝိပဿနာလုပ်ရပါမယ်ဘုရား) ဝိပဿနာရှုရင် သမထဘာဖြစ်သွားသလဲ (ပါပြီးသားဖြစ်ပါတယ်ဘုရား) အတွင်းဝင်သွားပြီ (မှန်ပါ့) ရေယူခဲ့လို့ဆိုလို့ရှိရင်ဖြင့် ခွက် ပါသလားလို့ မေးရင်၊ အရှူး (မှန်ပါ့) ရေယူခဲ့ပါဆိုရင် ဘာနဲ့ ယူခဲ့ရမလဲ (ခွက်နဲ့ယူရပါမယ်ဘုရား)။

အဲဒီမှာလည်း ဝိပဿနာရှုနေတယ်ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ခွက်နဲ့တူတဲ့ သမထပါလာတယ် (မှန်လှပါ

ဘုရား) အထူးရှုနေဖို့ လိုသေးသလား (မလိုပါဘူးဘုရား)။

အေး - ဒါကြောင့် ဒီလမ်းကို ကြိုးစားပါ သာသနာတွင်းသားဖြစ်အောင်လုပ် ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

ကဲ - ယနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု . . . ။